ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး
(၁၁)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်

(၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၃ ရက်)

[သောကြာနေ့]

အချိန်၊ ၁၀း၀၀။

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

အချိန်၊ ၁၀း၀၀။

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၁၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

အခမ်းအနားမှူး။ ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

အချိန်၊ ၁၀း၀၂။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၁ (၈၂.၅၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

အချိန်။ ၁၀း၀၃။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၁၁)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

အချိန်၊ ၁၀း၀၃။

ဥက္ကဋ္ဌ။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညွန့်တင်၊ ရန်ကုန်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းမျိုးတင်လွင့်၊ ကရင်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းသိန်း၊ ဧရာဝတီ(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝင်းနောင်၊ ရန်ကုန်(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ ကျန်းမာရေး။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျားမောင်၊ တနင်္သာရီ(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာမြဦး၊ ပဲခူး(၉)၊ အလုပ်ရုံဆွေးနွေးပွဲ။ ဦးကျော်ထွန်းအောင်၊ ရခိုင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

အချိန်၊ ၁၀း၀၅။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၇)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၈)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(၈)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

အချိန်၊ ၁၀း၀၆။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက မေးမြန်းတဲ့ မေးခွန်းဟာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

သန်လျင်မြို့နယ်၊ ဆေးလုံးကြီး-ချောင်းစောက်ကျေးရွာ၊ မြို့နှင့်ကျေးရွာချင်းဆက် မြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးသွားရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၀း၀၈။

ဥက္ကဋ္ဌ။ ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်က သန်လျင်မြို့နယ်၊ ဆေးလုံးကြီး-ချောင်းစောက်ကျေးရွာ၊ မြို့နှင့်ကျေးရွာချင်းဆက် မြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးသွားရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၀၈။

ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသော ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်။ ကျွန်တော့်အနေနဲ့ မေးသွားမယ့် မေးခွန်းကတော့ အခု ကျွန်တော်တို့ သန်လျင်မြို့နယ်ထဲမှာရှိနေတဲ့ ဆေးလုံးကြီးနဲ့ ကျွန်တော်တို့ ချောင်းစောက်ကျေးရွာ၊ အဲဒီကျေးရွာချင်းဆက်လမ်းဟာ အဲဒီမှာနေထိုင်ကြတဲ့ ကျေးရွာသူ/ ကျေးရွာသားများအတွက် လူမှုရေးကိစ္စမှအစ ကျန်တဲ့ ဒီ ကျောင်းသူ/ကျောင်းသားတွေအတွက် ကျွန်တော်တို့ ချောင်းစောက် ကျေးရွာမှာရှိတဲ့ ကျောင်းကို သွားပြီး သူတို့ တက်ကြရပါတယ်။ ဒီအခါ မိုးတွင်းအခါမှာ အင်မတန်မှ အခက်အခဲနဲ့ တွေ့ကြုံနေကြရတဲ့အတွက်ကြောင့် ကျွန်တော် ဒီ ကျေးရွာချင်းဆက် မြေသားလမ်းကို ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

သို့သော်လည်းပဲ ကျွန်တော်ဒီမေးခွန်းကို တင်ထားစဉ် ကျွန်တော်တို့ ဒီဘက် သူက ဒီ ချောင်းစောက်ကျေးရွာဆိုတာ ဒီဘက်က ကျွန်တော်တို့ သန်လျင်ပိုင်းမှာလည်း ပါတယ်။ တစ်ခြမ်းက ကျွန်တော်တို့ ကျောက်တန်းပိုင်းမှာလည်း ပါပါတယ်။ ကျွန်တော်တို့ ဒီဘက် သန်လျင်ပိုင်းက ကျွန်တော် တင်လိုက်တဲ့ သန်လျင်ပိုင်းက အပိုင်းကတော့ ပေ(၁၀၀၀၀)ရှိပါတယ်။ အဲဒီပေ(၁၀၀၀၀)ကို ဖွံ့ဖြိုးရေးရန်ပုံငွေ ကျလာတဲ့အခါမှာ အဲဒီကျေးရွာကလည်း သူတို့ထည့်ဝင်ငွေနဲ့ ကျွန်တော်တို့ ဆောင်ရွက်တဲ့အခါမှာ လမ်းတစ်ခြမ်းကတော့ ပြီးသွားပါပြီ။ (၂)ပေခွဲလမ်း ကျွန်တော်တို့ တစ်ခြမ်းကတော့ ပြီးသွားပါပြီ။ ဒါသူတို့ သွားလို့လာလို့ နည်းနည်းလေး အဆင်ပြေအောင်လို့ ဖြစ်ပါတယ်။ အဲဒီတော့ ကျန်တဲ့ အပြည့်တစ်ခြမ်းရယ်၊ ဟိုဘက်က တံတားလေး ရှိပါတယ်။ တံတားလေးကျော်သွားပြီးတာနဲ့ ကျွန်တော်တို့ ခုန ကျောက်တန်းထဲကို ရောက်သွားတဲ့ ဆေးလုံးကြီးဘက်ကို ရောက်သွားပါတယ်။ အဲဒီ ဆေးလုံးကြီးဘက်မှာတော့ခုန ပေ(၁၄၀၀၀)လောက် ကျန်ရှိပါသေးတယ်။

ဒါကြောင့်မို့လို့ ဒီကျေးရွာချင်းဆက်လမ်း အခု ဒီ ချောင်းစောက်နဲ့ ဆေးလုံးကြီး ဒီကျေးရွာချင်းဆက်လမ်းကို ကွန်ကရစ်လမ်းအဖြစ် အပြည့်အဝဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို ကျွန်တော်တို့ မြို့နယ်မှာရှိနေတဲ့ ကျေးရွာသူ/ကျေးရွာသားများရဲ့ လိုအပ်ချက်အသံကို ကျွန်တော် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ကျေးလက်ဒေသဖွံ့ဖြိုးရေး ကျေးလက်လမ်းများအတွက် ကွန်ကရစ်ခင်းခြင်း၊ ကျောက်ချောခင်းခြင်း လုပ်ငန်းများအတွက် ဆောက်လုပ်ရေးလုပ်ငန်း ကုမ္ပဏီများသို့ တင်ဒါစနစ်ဖြင့် ချထားဆောင်ရွက်ရာတွင် လုပ်ငန်းအရည်အသွေး ကောင်းမွန်ရေး၊ သတ်မှတ်ကာလအတွင်း ပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီရေး၊ မည်သို့ ကြေပ်မတ်ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ရေးအဖွဲ့များ မည်သို့ ဖွဲ့စည်းစီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၀း၁၀။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီ မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာဌေးဝင်းက ကျေးလက်ဒေသဖွံ့ဖြိုးရေး ကျေးလက်လမ်းများအတွက် ကွန်ကရစ်ခင်းခြင်း၊ ကျောက်ချောခင်းခြင်း လုပ်ငန်းများအတွက် ဆောက်လုပ်ရေးလုပ်ငန်းကုမ္ပဏီများသို့ တင်ဒါစနစ်ဖြင့် ချထားဆောင်ရွက်ရာတွင် လုပ်ငန်းအရည်အသွေး ကောင်းမွန်ရေး၊ သတ်မှတ်ကာလအတွင်း ပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီရေး၊ မည်သို့ကြေပ်မတ်ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ရေးအဖွဲ့များ မည်သို့ဖွဲ့စည်းစီမံ ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၁၁။

ဒေါက်တာဌေးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဌေးဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျေးလက်လမ်းများ ကွန်ကရစ်ခင်းခြင်း၊ ကျောက်ချောခင်းခြင်း လုပ်ငန်းများအတွက် ဆောက်လုပ်ရေးကုမ္ပဏီများသို့ တင်ဒါစနစ်ဖြင့် ချထားဆောင်ရွက်ရာတွင် လုပ်ငန်းအရည်အသွေး ကောင်းမွန်ရေး၊ သတ်မှတ်ကာလ အတွင်း ပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီရေး မည်သို့ ကြေပ်မတ်ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ရေးအဖွဲ့များ မည်သို့ဖွဲ့စည်းစီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဒီမေးခွန်းမေးရတဲ့ အဓိကရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ နိုင်ငံတော်သမ္မတကြီး ဦးဆောင်တဲ့ အစိုးရသစ်လက်ထက်မှာ မြန်မာနိုင်ငံတစ်နံတစ်လျားမှာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဘက်စုံကဏ္ဍစုံမှ အားကြိုးမာန်တက် ဆောင်ရွက်နေကြသလို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း မိမိတို့ဆိုင်ရာ နယ်မြေများရဲ့ လိုအပ်ချက်၊ ဒေသခံပြည်သူများရဲ့ တင်ပြချက်များကို လွှတ်တော်မှာ တင်ပြပြီးတော့ ဝန်ကြီးဌာနအသီးသီးနဲ့ တိုင်းဒေသကြီးအစိုးရတို့ရဲ့အစီအမံနဲ့ ဖြည်းဆည်းဆောင်ရွက်နေကြရတာ ဖြစ်ပါတယ်။ ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းများ အရည်အသွေး ပြည့်မီစေရေးအတွက် ဒေသအကျိုး၊ ပြည်သူ့အကျိုးကို မျှော်ကိုးပြီး ဒီ မေးခွန်းကို မေးတာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ်တွေကြောင့် နယ်မြေအသီးသီး ကျေးလက်ဒေသတွေမှာ ကျောက်ချောခင်းလမ်းများ၊ ကွန်ကရစ်လမ်းများ အချိန်တိုကာလအတွင်းမှာ အသွယ်သွယ်ပေါ်ပေါက်လာတဲ့အတွက် လမ်းပန်းများကောင်းမွန်ချောမွေ့ပြီး ကျေးလက်နေပြည်သူများ သွားရေး၊ လာရေး လွယ်ကူလာကြပြီ ဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်

အဖြစ် လမ်းများ ကွန်ကရစ်ခင်းခြင်း၊ ကျောက်ချောခင်းခြင်းလုပ်ငန်းများကို ပြည်ထောင်စုနဲ့ တိုင်းဒေသကြီး အစိုးရတို့မှ လမ်းတည်ဆောက်ရေးလုပ်ငန်းကော်မတီများသို့ စျေးပြိုင်တင်ဒါစနစ်ဖြင့် ရွေးချယ်ပြီးတော့ စာချုပ်ချုပ်ဆို တာဝန်ပေးအပ်ကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။ ဤသို့ ဆောင်ရွက်တဲ့နေရာမှာ လမ်းတည်ဆောက်မှုလုပ်ငန်းများ အားရကျေနပ်ဖွယ်ရာ စံချိန်စံညွှန်း ကောင်းမွန်တဲ့ လုပ်ငန်းများရှိသလို အချို့သော လမ်းတည်ဆောက်ရေးလုပ်ငန်းများသည် စံချိန်စံညွှန်း မမီဘဲနဲ့ အချိန်တိုအတွင်း အသုံးမပြုရသေးဘဲနဲ့ ပျက်စီးသွားတာတွေလည်း တွေ့ရပါတယ်။

ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီး၊ အင်ပူမြို့နယ်၊ အင်ပူ - ညောင်ကျိုး ဆက်သွယ်ရေးလမ်းပေါ်မှာ ကွန်ကရစ်လမ်း ပထမအကြိမ် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် အရှည် (၅)မိုင် (၂)ဖာလုံ ချထားပေးခဲ့ပြီး ဆန်းမြတ်ထွန်း ဆောက်လုပ်ရေးကုမ္ပဏီမှ တင်ဒါအောင်ပြီးတော့ ဆောင်ရွက်ခဲ့တဲ့အခါမှာ အနီးစပ်ဆုံး ချောင်းငယ်ထဲမှာ နှုန်းသဲများဖြင့် ကွန်ကရစ်ဖျော်ခြင်း၊ ကျောက်စရစ်များ မသန့်ရှင်းခြင်း၊ အသုံးပြုသော ဘိလပ်မြေအိတ်များ သတ်မှတ်ကာလလွန်နေခြင်း၊ ဘိလပ်မြေ အတုံးအခဲများ ဖြစ်နေခြင်း၊ လုပ်ငန်းသုံးဘိလပ်မြေများကို လုပ်ငန်းခွင်ပြင်ပသို့ ဆောင်ရွက်နေသူများ မှတစ်ဆင့် Subcontract ချထားနေသူများမှာ ပြောင်ကျကျ ရောင်းစားနေခြင်း၊ အခုထပ်ထိလည်း ရောင်းစားနေကြောင်း တွေ့ရှိရပါတယ်။ အောက်ခံမြေသား ခိုင်မာမှုရှိစေရန်အတွက် ဆောင်ရွက်မှု အားနည်းခြင်း၊ အဲဒီကုမ္ပဏီ ဆောင်ရွက်တဲ့ လုပ်ငန်းခွင်မှာတော့ လမ်းကြိတ်စက် လုံးဝသုံးတာကို မတွေ့ရှိရပါဘူးခင်ဗျား။ အစရှိသည်တို့အတွက်ကြောင့် ကွန်ကရစ်လမ်းခင်းပြီး (၁)လခန့်အကြာမှာ လမ်းအသုံးမပြုရသေးဘဲနဲ့ ပျက်စီးနေတာတွေ၊ ရှေ့က ခင်းရင်း နောက်က ပျက်နေတာတွေ တွေ့ရပါတယ်။

လမ်းခင်းပြီးတော့ မကြာခင်မှာဘဲ ကွန်ကရစ်လမ်းတစ်လျှောက် အလျားလိုက်၊ အနံလိုက် အက်ကြောင်းကြီးများ ဖြစ်ပေါ်လာခြင်း၊ တချို့ အက်ကြောင်းကြီးတွေဆိုရင် (၂)လက်မ၊ (၃)လက်မ အကျယ်ရှိနေတာ တွေ့ရပါတယ်။ နောက် လမ်းတစ်လျှောက်မှာရှိတဲ့ ကွန်ကရစ်သားများ ပေါက်ထွက်ပြီးတော့ ကျောက်စရစ်သားများ ပေါ်လာပြီး ကျောက်ခင်းလမ်းကဲ့သို့ ဖြစ်သွားခြင်း။ ကွန်ကရစ်လမ်း နှုတ်ခမ်းသားများ ကျိုးပဲ့ကုန်ခြင်း၊ ကွန်ကရစ်လမ်းအပိုင်းရဲ့ အများစုဟာ ကွန်ကရစ်သားထု (၃)လက်မနှင့် (၅)လက်မ အထိသာရှိကြောင်း ဌာနဝန်ထမ်းများ စစ်ဆေးမှု၊ ကျွန်တော်တို့ဆီမှာ စစ်ဆေးမှုအရ သိရှိရပါတယ်။ ကွန်ကရစ်လမ်းတစ်လျှောက် လမ်းပခုံးတင်ခြင်းလုပ်ငန်း မဆောင်ရွက်တဲ့အတွက် ကွန်ကရစ်သား ကျိုးပဲ့ခြင်းနဲ့ ခရီးသွားများအတွက် အန္တရာယ်ဖြစ်ခြင်းတို့ ဖြစ်ပေါ်လာပါတယ်။ ဒီလမ်းပေါ်မှာ ကား(၂)စီးသွားလို့ ရှောင်လို့မရပါဘူး။ ရှောင်မယ်ဆိုရင်လည်း လမ်းပခုံးမရှိတဲ့အတွက် ဘေးကို တိမ်းစောင်းမှောက်နိုင်တဲ့ အနေအထား ရှိပါတယ်။

ကျွန်တော်တို့ လမ်းပျက်စီးမှု အနေအထား၊ ကျွန်တော်တို့ အင်ပူ-ညောင်ကျိုးလမ်းရဲ့ ပျက်စီးမှု အနေအထားကို ကျွန်တော့်အနေနဲ့ Power Point နဲ့ အနည်းငယ်တင်ပြလိုပါတယ်ခင်ဗျား။ ကျွန်တော်တို့ အင်ပူမြို့နယ်မှာရှိနေတဲ့ အင်ပူ-ညောင်ကျိုး (၅)မိုင် (၂)ဖာလုံ ကားလမ်းပျက်စီးမှု အခြေအနေကို တင်ပြခြင်း ဖြစ်ပါတယ်။ ဒါကတော့ ကွန်ကရစ်လမ်း အသုံးမပြုမီမှာ ကြေမွသွားတဲ့ပုံကို ပြတာဖြစ်ပါတယ်။ ဒါ အခု မြင်နေရပေမယ့် အားလုံးဟာ ကျောက်သားတွေချည်းပဲ ဖြစ်ပါတယ်။ ကြေမွသွားတာပါ။ ကျွန်တော့်အနေနဲ့ တင်ပြခြင်းဖြစ်ပါတယ်။ ဒါကတော့ ကွန်ကရစ်လမ်းတစ်လျှောက်မှာ လမ်းပခုံးလုံးဝ မရှိတဲ့အတွက်၊ အခုဟာ တစ်နေရာတည်းကွက်ပြထားတာ ဖြစ်ပါတယ်။ အမှန်ကတော့ တစ်လျှောက်လုံး

လမ်းပခုံးမရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီလမ်းပေါ်မှာ ကား(၂)စီးရှောင်လို့မရပါဘူး။ ဘေးကို တိမ်းစောင်းမှောက်နိုင်တဲ့ အနေအထားဖြစ်ပါတယ်။ အခု ဒီ လုပ်ငန်းခွင်မှာ သုံးနေတဲ့ ဘိလပ်မြေအိတ်တွေဟာ ဆိုရင် ဘိလပ်မြေအမျိုးအစား အင်မတန်ညံ့တဲ့ ဘိလပ်မြေတွေ ဖြစ်ပါတယ်။ အဲဒီ့အပြင် ရက်လွန်နေတဲ့ ဘိလပ်မြေတွေ၊ နောက်တစ်ခုကတော့ အထဲမှာ ဖွင့်ကြည့်လိုက်လို့ရှိရင် ဒါ ကျောက်မြုံးတွေ ဖြစ်နေတယ်။ နောက်တစ်ခုကတော့ အတုံးအခဲကြီးတွေ ဘိလပ်မြေတွေ ဖြစ်နေတာ တွေ့ရပါတယ်။ ဒီဟာကတော့ ကွန်ကရစ်လမ်းမှာ အသုံးပြုတဲ့ ဘိလပ်မြေအိတ်တွေကို လုပ်ငန်းခွင်ပြင်ပ အိမ်တွေမှာ၊ လုပ်ငန်းဌာနတွေမှာ၊ ပွင့်ပွင့်လင်းလင်းပြောရရင်တော့ ပြောင်ကျကျရောင်းစားနေတာ ကျွန်တော်မှတ်တမ်းယူထားတာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီရောင်းစားတဲ့ အိတ်တွေဟာဆိုရင် ဒီလမ်းအသုံးပြုတဲ့အတွက် အိတ်ပေါင်း ရာနဲ့ထောင်နဲ့ချီပြီး ရောင်းစားနေတာကို ကျွန်တော်တို့ ပြည်သူတွေရဲ့ တင်ပြချက်အရ တွေ့ရှိရပါတယ်။

အဆိုပါ ကုမ္ပဏီများမှ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်အတွင်းမှာ ကြီးကြပ်ရေးအဖွဲ့များ တစ်ကြိမ်တစ်ခါမှ လာရောက်ခြင်း မရှိကြောင်းလည်းပဲ ဒေသခံများမှ သတင်းပေးချက်အရ သိရှိရပါတယ်။ ကျွန်တော်တို့ဒေသမှာ ဆက်သွယ်ရေးလမ်းအနေနဲ့ ဒီလမ်းတစ်ခုကိုပဲ ကျွန်တော်တို့ အားကိုးရတာ ဖြစ်ပါတယ်။ အခုလို လမ်းခင်းနေတဲ့အချိန်ရယ်၊ ခင်းပြီးတော့လည်း လမ်းပျက်စီးနေတာကြောင့်ရယ်၊ လမ်းမှာ ရှိနေတဲ့ တံတားတွေ ပျက်စီးနေတာကြောင့် ကျွန်တော်တို့ဒေသမှာ ပြေးနေတဲ့ လိုင်းကားကလည်း ဒီ(၃)နှစ်အတွင်းမှာ လိုင်းပြေးရတယ်ကို မရှိဘူး။ နားနေရတာဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ ကျွန်တော်တို့ဆီက ဒေသခံပြည်သူများရဲ့ သွားရေးလာရေးဟာ အတော်ကို ခက်ခဲနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဒေသတွေဟာ မြို့ကြီးများနဲ့ ဝေးကွာပြီး၊ ဤကဲ့သို့ ကွန်ကရစ်လမ်းတစ်ခုဖြစ်ဖို့ရာ ဖြစ်တောင့်ဖြစ်ခဲ အခွင့်အရေး ဖြစ်ပါတယ်။ ကွန်ကရစ်လမ်းအတွက် ဒေသခံများ ဝမ်းမြောက်ဂုဏ်ယူမဆုံး ဖြစ်နေကြရာမှ အခုကဲ့သို့ လမ်းသားများပျက်စီးခြင်း၊ ကြေမွအက်ကွဲခြင်းများ အတွက် နှမြောတသမဆုံး ဖြစ်နေကြပါတယ်။ အဲဒီလို ဖြစ်နေကြောင်းကိုလည်း ပြည်သူများထံမှ တင်ပြလာကြပါတယ်။ ယခုလိုပျက်စီးနေသည့် လမ်းအား မည်ကဲ့သို့ ပြုပြင်ကြမည်ကိုလည်း စိတ်သောကရောက်နေကြပါတယ်။ သက်ဆိုင်ရာကိုလည်း မည်သို့ပြင်ဆင်ပေးမည်ကိုလည်း သိရှိလိုပါတယ်ခင်ဗျား။ ဤကဲ့သို့ လမ်းပျက်စီးမှုများကို ကျွန်တော်တို့ နိုင်ငံအတွင်းမှာ နောက်ထပ်မဖြစ်ပေါ်ရေး အရေးတကြီး လိုအပ်လှပါတယ်။

သို့ဖြစ်ပါ၍ သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျေးလက်လမ်းများ ကွန်ကရစ်ခင်းခြင်းနှင့် ကျောက်ချောခင်းခြင်းလုပ်ငန်းများ ဆောက်လုပ်ရေးကုမ္ပဏီကြီးများသို့ စျေးပြိုင်တင်ဒါစနစ်ဖြင့် ချထားရာတွင် နံပါတ်(၁) လုပ်ငန်းအရည်အသွေးကောင်းမွန်ရေး၊ သတ်မှတ်ကာလအတွင်း ပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီရေး မည်သို့ လမ်းညွှန်ဆောင်ရွက်ထားပါသလဲ။ နံပါတ်(၂) လုပ်ငန်းဆောင်ရွက်နေစဉ် ကြပ်မတ်ကြည့်ရှုနိုင်ရန် ကြီးကြပ်ရေးအဖွဲ့များ မည်သို့ဖွဲ့စည်းပြီး၊ မည်သို့ အစီအမံများ ဆောင်ရွက်ထားပါသလဲ။ ကျွန်တော်တို့ ဒေသခံများ သွားပြီးတော့ မကောင်းတဲ့အကြောင်း ပြောတဲ့အခါမှာ ၎င်းကုမ္ပဏီမှ ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်တွေက အပြောမခံပါဘူး။ လုံးဝဝင်ပြီးဆွေးနွေးလို့ မရဘူးဖြစ်နေပါတယ်။ နံပါတ်(၃)အနေနဲ့ကတော့

သတ်မှတ်အရည်အသွေး စံချိန်စံညွှန်း မပြည့်မီခြင်းနှင့် လုပ်ငန်းအချိန်မီပြီးစီးမှု မရှိခြင်းတို့အတွက် မည်သို့ အရေးယူဆောင်ရွက်သွားမည်တို့ကို သိရှိလိုပါ၍ ပြည်သူ့အကျိုး၊ ကျေးလက်ဒေသအကျိုး မျှော်ကိုးပြီးတော့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

အချိန်၊ ၁၀း၂၀။

ဥက္ကဋ္ဌ။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဖြေကြားချက်

အချိန်၊ ၁၀း၂၀။

ဦးတင်ငွေ (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန) ။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ မင်္ဂလာပါလို့ ဂါရဝပြုရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ဝန်ကြီးရဲ့ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော်ကနေ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားသွား မှာ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဆေးလုံးကြီး-ချောင်းစောက်လမ်းဟာ (၆)လမ်းသွားလမ်းမကြီးမှ ဆေးလုံးကြီးကျေးရွာအထိ အရှည်(၅၀၀၀)ပေ၊ အကျယ်(၂)ပေ (၆)လက်မ ကွန်ကရစ်ဘီးလမ်း (၂)ဘက်နဲ့ မြေသားလမ်း(၄၀၀)ပေ၊ ဆေးလုံးကြီးကျေးရွာ ကနေပြီးတော့ ချောင်းစောက်ကျေးရွာ အထိ အရှည် (၁၂၀၀၀)၊ အကျယ် (၂)ပေ၊ (၆)လက်မ ကွန်ကရစ်ဘီးလမ်း(၁)ဘက် ချောင်းစောက်ကျေးရွာ တွင်းလမ်း မြေသားလမ်းအရှည်(၁၀၀၀)ပေတို့ ဖြစ်ပါတယ်။ စုစုပေါင်း လမ်းအရှည် (၃)မိုင်၊ (၃.၈၈)ဖာလုံ ရှိပါတယ်။ ဆေးလုံးကြီး-ချောင်းစောက်ကျေးရွာချင်းဆက်လမ်းကို ကွန်ကရစ်ဘီးလမ်း (၂)ဘက် ဆောင်ရွက်မည်ဆိုပါက မြေသားလမ်း(၁၄၀၀)ပေအား အကျယ်(၂)ပေ (၆)လက်မ၊ ကွန်ကရစ်ဘီးလမ်း(၂)ဘက်ခင်းခြင်းနဲ့ အရှည် (၁၂၀၀၀)ပေအား အကျယ်(၂)ပေ(၆)လက်မ ကွန်ကရစ်ဘီလမ်း (၁)ဘက်ခင်းခြင်းတို့ကို ဆောင်ရွက်ရမည် ဖြစ်ပြီးတော့မှ ခန့်မှန်းကုန်ကျငွေက သန်း(၇၀) ဖြစ်ပါတယ် ခင်ဗျား။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ ကျပ် (၉၉၂၂.၈၈၉)သန်းဖြင့် ကတ္တရာလမ်း (၄၅)မိုင် (၁)ဖာလုံ၊ ကျောက်ချောလမ်း (၁၁)မိုင် (၆)ဖာလုံ၊ မြေသားလမ်း (၉၃)မိုင် (၅)ဖာလုံ၊ ကွန်ကရစ်တံတား(၈၆၅)ပေ၊ သစ်သားတံတား(၉၆၀)ပေ နဲ့ ရေပြွန် (၅၀၀)ပေ တို့ကို ဆောင်ရွက်ရန် ခွင့်ပြုပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

သန်လျင်မြို့နယ်မှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ ကျပ်(၃၆၈.၇၁၆) သန်းဖြင့် ကတ္တရာလမ်း(၂)မိုင် (၁)ဖာလုံ၊ သစ်သား (၂၅၀)ပေတို့ကို ဆောင်ရွက်ရန် ခွင့်ပြုပြီး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းလာတဲ့ သန်လျင်မြို့နယ်အတွင်းမှာရှိတဲ့ ဆေးလုံးကြီး-

ချောင်းစောက် မြေသားလမ်းကို ကွန်ကရစ်ခင်းခြင်း လုပ်ငန်းမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ခုဘဏ္ဍာရေးရန်ပုံငွေတွင် ခွင့်ပြုထားခြင်း မရှိသေးပါကြောင်းနှင့် တင်ပြပါ လုပ်ငန်းများအား တိုင်းဒေသကြီး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသေးစိတ် ကွင်းဆင်းတိုင်းတာတွက်ချက်ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ ဦးစားပေးအစီအစဉ်အတိုင်း ရန်ပုံငွေတင်ပြတောင်းခံပေးသွားမည် ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဌေးဝင်း ရဲ့ မေးခွန်းနဲ့ပတ်သတ်ပြီး ကျွန်တော် ဆက်လက်ဖြေကြားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ရဲ့ ဆွေးနွေးမေးမြန်းချက်ပါ အင်္ဂပူမြို့နယ် အင်္ဂပူ-ညောင်ကျိုးကျေးလက်လမ်းမှာ အရှည်(၁၅)မိုင် (၄)ဖာလုံရှိတဲ့အနက် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ဆွေးနွေးမေးမြန်းချက်အရ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ ကျောက်လမ်းဟောင်း ပြုပြင်ခြင်းနှင့် ကျောက်ချောလမ်းသစ်အရှည် (၃)မိုင်ခင်းခြင်း တို့ကို စည်ပင်သာယာရေးဦးစီးဌာန၊ ဒါ ယခင်က ကျွန်တော်တို့ စည်ပင်သာယာရေးဦးစီးဌာန ဖြစ်ပါတယ်။

ယခု ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ရန်ပုံငွေ၊ အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်ပေးခဲ့တာ ဖြစ်ပါတယ်။ ကျန်ရှိတဲ့မြေသားလမ်းပိုင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေမှာ လမ်းအရှည်(၅)မိုင် ကတ္တရာခင်းခြင်းအတွက် မူလက ကျွန်တော် ကတ္တရာခင်းဖို့အတွက် ဖြစ်ပါတယ်။ ကတ္တရာခင်းခြင်းအတွက် ရန်ပုံငွေ ခွင့်ပြုချက်ရရှိခဲ့သဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ယူခဲ့တဲ့အခါမှာ ဆန်းမြတ်ထွန်းဆောက်လုပ်ရေးကုမ္ပဏီက တင်ဒါအောင်မြင်ပြီး လုပ်ငန်းဆောင်ရွက်ခွင့်ရခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ တိုင်းဒေသကြီးအစိုးရကနေပြီးတော့မှ ရာသီဥတုဒဏ် ခံနိုင်ပြီးတော့မှ ဒေသအခြေအနေနဲ့ ကိုက်ညီတဲ့ ခုနက ကျွန်တော် တင်ပြတဲ့ ကတ္တရာလမ်းကနေ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မူလလျှာထားချက် လမ်းအရှည် မပြောင်းဘဲ ဆောင်ရွက်ခွင့်ပြုနိုင်ဖို့ ညှိနှိုင်းချက်အရ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မူလခွင့်ပြုငွေအတွင်း ဆန်းမြတ်ထွန်းကုမ္ပဏီအား ဆက်လက်တာဝန်ပေးအပ်ခဲ့ခြင်း ဖြစ်ပါတယ်။

ဒီနေရာမှာ ပြန်ပြီးသုံးသပ်ကြည့်လိုက်မယ်ဆိုရင် နံပါတ်(၁)အချက်အနေနဲ့က လုပ်ငန်းအခြေအနေကို မူလကတ္တရာကနေ ကွန်ကရစ်ကို ပြောင်းတာတွေ့ရပါတယ်။ နံပါတ်(၂)အချက်အနေနဲ့ မူလက စည်ပင်သာယာရေး ဦးစီးဌာနကနေပြီးတော့ ကျွန်တော်တို့ပြီးခဲ့တဲ့နှစ် (၉)လပိုင်းကစပြီးတော့မှ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ပြောင်းတာကို (၂)ခု ကျွန်တော်တို့ တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် အိတ်ဖွင့်တင်ဒါ ခေါ်ယူတဲ့လုပ်ငန်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင်တဲ့ တင်ဒါစိစစ်ရေးအဖွဲ့ဖြင့် တင်ဒါခေါ်ယူခဲ့ပြီး သတ်မှတ်စံချိန်စံညွှန်းနဲ့ ကိုက်ညီပြီး အဆိုပြုတင်ပြတဲ့ တန်ဖိုးအနည်းဆုံး ဖြစ်ခြင်း၊ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်း၊ ကုမ္ပဏီရဲ့ ဖွဲ့စည်းမှုအင်အား၊ ယန္တရားအင်အားနဲ့ လုပ်ငန်းအတွေ့အကြုံတို့ရှိမှုတို့အပေါ် မူတည်ပြီး စိစစ်ရွေးချယ်ခဲ့ခြင်း ဖြစ်ပါတယ်။ တင်ဒါအောင်မြင်တဲ့ ကုမ္ပဏီများနဲ့ လုပ်ငန်းဆောင်ရွက်ရန် စာချုပ်ချုပ်ဆိုတဲ့နေရာမှာ သတ်မှတ်ပုံစံနဲ့ စံချိန်စံညွှန်းများ၊ လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်ရမယ့်ကာလအတွင်း လုပ်ငန်းများအချိန်မီ မပြီးစီးပါက ဒဏ်ကြေးငွေ

ပေးဆောင်ရန် တို့ကို လုပ်ငန်းဆောင်ရွက်ပြီး၍ စာချုပ်ပါ သတ်မှတ်ကာလအတွင်း ပျက်စီးမှုဖြစ်ပေါ်ပါက ကုမ္ပဏီက တာဝန်ယူပြုပြင်ရန် ထည်သွင်းချုပ်ဆိုထားပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းအရည်အသွေး ကောင်းမွန်ရေးနှင့် လုပ်ငန်းပြီးစီးမှုများကိုကွင်းဆင်းစစ်ဆေးရန်အတွက် ယခု ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးချုပ်မှလုပ်ငန်းပြီးစီးမှုနှင့် လုပ်ငန်းအရည်အသွေး စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ကွင်းဆင်းစစ်ဆေးကြီးကြပ်ဆောင်ရွက်စေခဲ့ပါတယ်။ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများအတိုင်း ဆောင်ရွက်ထားခြင်းမရှိပါက ပြန်လည်ပြင်ဆင်စေခြင်း၊ အသစ်ပြန်လည် ဆောင်ရွက်စေခြင်းတို့ဖြင့် လုပ်ငန်းအရည်အသွေး ကောင်းမွန်စေရန် ကြီးကြပ်ဆောင်ရွက်စေခဲ့ပါတယ်။ ဒါ့အပြင် သက်ဆိုင်ရာ ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်မှာရှိတဲ့ ဟသ်ာတမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံ အင်ဂျင်နီယာဦးဆောင်သော အဖွဲ့ဖြင့် အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေး ကြီးကြပ်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး/ ခရိုင်/မြို့နယ် တာဝန်ရှိသူများမှလည်း အနီးကပ် စစ်ဆေးကြီးကြပ်ခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးမြန်းချက်မှာပါဝင်တဲ့ အင်္ဂပူ-ညောင်ကျိုးလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ရုံးချုပ်နဲ့ တိုင်းဒေသကြီး စစ်ဆေးရေးအဖွဲ့ အဲဒီအဖွဲ့များဖြင့် ၂၃-၃-၂၀၁၃ ရက်နေ့က တစ်ကြိမ် ၆-၁-၂၀၁၄ နေ့ကတစ်ကြိမ် ၉-၂-၂၀၁၄ ရက်နေ့က တစ်ကြိမ် ၂၄-၃-၂၀၁၄ ရက်နေ့နဲ့ ၁၁-၄-၂၀၁၄ ရက်နေ့များမှာ (၅)ကြိမ် ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ ကွင်းဆင်းစစ်ဆေးစဉ် လမ်းအရည်အသွေးပိုင်းဆိုင်ရာ အားနည်းချက်များအား ပြုပြင်ဆောင်ရွက်ရန်မှာကြားခဲ့ပြီး လုပ်ငန်းအပြီးသတ် ပြုပြင်ဆောင်ရွက်ပြီးစီးပြီး ဒေသအဖွဲ့အစည်းများ၏ ထောက်ခံချက်ရရှိမှသာ ဒေသအဖွဲ့အစည်းဆိုတာ ကျွန်တော်တို့ရဲ့ အထောက်အကူပြုအဖွဲ့တွေ နောက် စီမံခန့်ခွဲမှုအဖွဲ့တွေ ဒါတွေ ကျွန်တော် ဆိုလိုတာ ဖြစ်ပါတယ်။ ဒီထဲမှာ ကျွန်တော်တို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးတွေလည်း ဒါ ပါဝင်မှာဖြစ်ပါတယ်။ ဒေသအဖွဲ့အစည်းများရဲ့ ထောက်ခံချက်ရရှိမှသာ ထုတ်ယူရန်ကျန်တဲ့ ငွေကျပ်(၇၀.၅၇)သန်းကို ထုတ်ပေးမှာ ဖြစ်ပါတယ်။ လုပ်ငန်းကို ပြုပြင်ဆောင်ရွက်ခြင်း မရှိကြောင်းတွေ့ရှိရသဖြင့် ကုမ္ပဏီအား ခေါ်ယူဆွေးနွေးပြီး သတ်မှတ်ချက်နှင့်မကိုက်ညီမှုများအား တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးမှုဦးစီးဌာန အစီအစဉ်ဖြင့် အနီးကပ်ကြည့်ရှုပြီး ပြုပြင်ဆောင်ရွက်လျက်ရှိပါတယ်။ ကုန်ကျစရိတ်ကိုတော့ ကုမ္ပဏီက ကျခံရမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော် တစ်ချက်တင်ပြလိုတာကတော့ ကျွန်တော်တို့ဒီ Public Auditor လို့ခေါ်တဲ့ ပြည်သူလူထုပူးပေါင်း ပါဝင်တဲ့ ကျွန်တော်တို့ ဒီ စစ်ဆေးရေးအဖွဲ့တွေနဲ့လည်း ခုန ကျွန်တော်တို့တင်ပြတဲ့ ဒေသအထောက်အကူပြုအဖွဲ့တွေ၊ စီမံခန့်ခွဲမှုအဖွဲ့တွေနဲ့လည်း ဒါကို ကျွန်တော်တို့ ဝိုင်းဝန်းပြီးကြီးကြပ်ပေးဖို့ ကျွန်တော်ဒီမှာ ဆက်ပြီးတင်ပြ လိုပါတယ်။ ကုမ္ပဏီကနေလုပ်ငန်းများ ဆောင်ရွက်တဲ့နေရာမှာ အချိန်မီ မပြီးစီးခြင်း၊ လုပ်ငန်းအရည်အသွေးမပြည့်မီခြင်းတို့ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရဲ့ ၂၀၁၃-၂၀၁၄ ခုဘဏ္ဍာရေးနှစ် တည်ဆောက်ရေးလုပ်ငန်းများမှာ အိတ်ဖွင့်တင်ဒါဝင်ရောက်ယှဉ်ပြိုင်ခြင်းကို အဲဒီကုမ္ပဏီကို ကျွန်တော် ခွင့်မပြုတော့ဘဲနဲ့ ကန့်သတ် တားဆီးခဲ့ပြီး စာချုပ်ပါ စည်းမျဉ်းစည်းကမ်း သတ်မှတ်ထားချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ထုတ်ပြန်ထားသည့် ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်း

လမ်းညွှန်ချက်နှင့် ကန်ထရိုက်စာချုပ်များနှင့် သဘောတူစာချုပ်များ၏ဥပဒေများအတိုင်း အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ ပြန်လည်ဖြေကြားအပ် ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

အချိန်၊ ၁၀း၃၀။

ဥက္ကဋ္ဌ။ ။ စတုတ္ထခုံတန်းမှာ အသံစနစ် ချို့ယွင်းနေတဲ့အတွက် အစည်းအဝေးကို ခေတ္တ ရပ်နားပါတယ်။

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

အခမ်းအနားမှူး။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၀း၃၀)နာရီတွင် ခေတ္တရပ်နားပြီး (၁၁း၀၀)နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

အချိန်၊ ၁၁း၀၀။

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

အခမ်းအနားမှူး။ ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

အချိန်၊ ၁၁း၀၀။

ဥက္ကဋ္ဌ။ ။လွှတ်တော်ကိုယ်စားလှယ် (၅)ဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ ပညာရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများပဲ ဖြစ်ပါတယ်။ ကိုယ်စားလှယ် များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

သနပ်ပင်မြို့နယ်၊ ကွဲပြားချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ် မြေနေရာအား အတည်ပြုသတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၁း၀၀။

ဥက္ကဋ္ဌ။ ။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဖိုးဇော် က သနပ်ပင် မြို့နယ်၊ ကွဲပြားချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ် မြေနေရာအား အတည်ပြုသတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၁း၀၀။

ဦးဖိုးဇော်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းမြေ့ကြပါစေလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖိုးဇော် ပဲ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် သိရှိလို၍ မေးမြန်းလိုတဲ့ မေးခွန်းကတော့ သနပ်ပင်မြို့နယ်၊ ကျွဲဖြူချောင်းကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ် မြေနေရာ အားအတည်ပြု သတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် ပတ်သက်၍ မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွဲဖြူချောင်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ဟာ မူလတန်းကျောင်းအဆင့် ၁၉၇၀ ခုနှစ်မှ စတင်ဆောက်လုပ်ခဲ့ပြီး နှစ်ပေါင်း (၄၄)နှစ်ကာလကြာမြင့်လာတာနဲ့အမျှ ကျောင်းရဲ့ဥပဓိရုပ်ဟာ အန္တရာယ်ရှိတဲ့အခြေအနေ ကျရောက်လာပြီ ဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတော်အနေနဲ့ အဆောက်အဦအသစ် ဆောက်လုပ်ပေးပါရန် တင်ပြတောင်းခံမှုအပေါ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ဆောက်လုပ်ခွင့်ရရှိပြီး ဖြစ်ပါတယ်။ သို့သော်လည်း လက်ရှိမူလကျောင်းဟောင်းမြေနေရာဟာ ကျေးရွာအတွင်းမှာကျရောက်ပြီး ကျောင်းသူ/ကျောင်းသားများ အတွက် အခက်အခဲရှိသည့်အနေအထားကြောင့် ပညာရေးဌာနရဲ့ လမ်းညွှန်မှုဖြင့် မြေနေရာသစ်အား (၃.၅)ဧက ကျေးရွာပြည်သူလူထုမှ ဝယ်ယူ၍ လျှဒါန်းပြီး ဖြစ်ပါတယ်။

သို့သော်လည်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း အပြီးသတ်ဆောက်လုပ်ရန် စနှာသူရိန် ကုမ္ပဏီမှ ဆောက်လုပ်ရေးပစ္စည်းများ ဆောက်လုပ်စုပုံပြီး အခြေအနေဖြစ်သော်လည်း ယနေ့အချိန်ထိ ဆောက်လုပ်ပေးနိုင်သည့် အခြေအနေ မရှိပါ။ ထို့ကြောင့် ကျွန်တော်တို့ သနပ်ပင်မြို့နယ်၊ ကျွဲဖြူချောင်း ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဟာ မြို့နယ် (၂၂)မိုင်ဝေး၍ ဆင်းရဲတဲ့ ကျေးရွာတစ်ရွာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ နိုင်ငံတော်မှ ဆောက်လုပ်ခွင့်ရရှိထားသော အဆောက်အဦ ဆုံးရှုံးသည့်အပြင် မြေနေရာသတ်မှတ်နိုင်ခြင်း မရှိတဲ့အတွက်ကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သိရှိလို၍ မေးမြန်းလိုသည်မှာ သနပ်ပင်မြို့နယ်၊ ကျွဲဖြူချောင်းကျေးရွာအခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) မြေနေရာသစ်အား အတည်ပြုသတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလို၍ မေးမြန်းခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဂန့်ဂေါ်မြို့နယ်၊ ကြောကျေးရွာ(အ.ထ.က)ကျောင်းသစ် လက်စသပ်နိုင်ရန်အတွက် ရန်ပုံငွေ ချထား ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၁း၀၃။

ဥက္ကဋ္ဌ။ ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က ဂန့်ဂေါ်မြို့နယ်၊ ကြောကျေးရွာ(အ.ထ.က) ကျောင်းသစ် လက်စသပ်နိုင်ရန်အတွက် ရန်ပုံငွေချထားပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၁း၀၃။

ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးတကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနဲ့ ကော်မရှင်အဖွဲ့ဝင်များ ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပထမ

နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဂန့်ဂေါမြို့နယ်မှာ ကြောကျေးရွာ ဆိုတာ ရှိပါတယ်။ ဒီကျေးရွာဟာ ပုံတောင်ပုံညာကြားမှာ တည်ရှိတဲ့ ရွာကြီးတစ်ရွာ ဖြစ်ပါတယ်။ ဒီရွာမှာ အထက်တန်းကျောင်းတစ်ကျောင်းရှိပြီးတော့ အဲဒီ အထက်တန်းကျောင်းကို ဘေးနားက (၁၉)ရွာက ကျောင်းသူ/ကျောင်းသားတွေ လာတက်ပါတယ်။ အဲဒီကျေးရွာက ကျောင်းအကျိုးတော်ဆောင်နဲ့ ကျေးရွာ မိဘပြည်သူတွေဟာ ကျပ်သိန်း(၇၀၀) မတည်ပြီးတော့ နှစ်ထပ်ကျောင်းဆောင်သစ်ကြီးကို တည်ဆောက်ခဲ့ပါတယ်။ တည်ဆောက်တဲ့အခါမှာ ဒီကျောင်းဆောင်သစ်ကြီးဟာ ပေ(၁၇၀)ပေရှည်ပြီး တော့ အနံ(၃၀)ပေ ရှိပါတယ်။ တော်တော်ကြီးပါတယ်။ အပေါ်ထပ်၊ အောက်ထပ် အပေါ်ထပ်မှာ (၅)ခန်း၊ အခန်းကျယ်ကြီး တွေပါ။ အောက်ထပ်မှာ (၅)ခန်း၊ ကော်ရိုက်တာ ပါပါတယ်။ ဒါပေမဲ့ အချောမသတ်နိုင်တော့ပဲနဲ့ တိုးလိုးတန်းလန်း ဖြစ်နေပါတယ်။ သို့သော်လည်းပဲ အဲဒီ တိုးလိုးတန်းလန်းအတိုင်းပဲ ကျောင်းသူ/ကျောင်းသားတွေဟာ အောက်ထပ်မှာ ဖြစ်သလို ခင်းကျင်းပြီးတော့ စာသင်နေတာကို ကျွန်တော် တွေ့ရှိခဲ့ပါတယ်။ အပေါ်ထပ်မှာလည်း ဒီအတိုင်းပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ သူတို့အနေနဲ့ နောက်ထပ် ကျပ်သိန်း(၃၅၀)ခန့်ထပ်မံပြီးတော့ နိုင်ငံတော်ကနေ ပံ့ပိုးပေးမယ်ဆိုလို့ရှိရင် ဒီကျောင်းကြီးဟာ အဆုံးသတ်နိုင်မယ်လို့ ကျေးရွာဥက္ကဋ္ဌနဲ့ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တွေက ကျွန်တော်ကို တင်ပြပါတယ်။ ဒါကြောင့်မို့လို့ လိုအပ်တဲ့ငွေကို ပညာရေးဝန်ကြီးဌာနဘတ်ဂျတ်ကနေ ဖြည့်စွက်ချထားပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။

ပလက်ဝမြို့နယ်တွင် အခြေခံပညာမူလတန်းကျောင်း သို့မဟုတ် ကျောင်း(ခွဲ)အသစ်များ တိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၁း၀၅။

ဥက္ကဋ္ဌ။ ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန် က ပလက်ဝမြို့နယ်တွင် အခြေခံပညာမူလတန်းကျောင်း သို့မဟုတ် ကျောင်း(ခွဲ)အသစ်များ တိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၁း၀၅။

ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) ပလက်ဝမြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆလိုင်းခွဲယန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပညာရေးနဲ့ သက်ဆိုင်တဲ့ ပညာရေးဖွံ့ဖြိုးမှု အလွန်နိမ့်ကျသော ပလက်ဝမြို့နယ်တွင် အခြေခံပညာ မူလတန်းကျောင်း သို့မဟုတ် အခြေခံပညာမူလတန်းကျောင်း(ခွဲ)အသစ်များ ခွင့်ပြုဖွင့်လှစ်ပေးနိုင်ပါရန်နဲ့ စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပလက်ဝမြို့နယ်ဟာ လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲပြီးတော့၊ ကျေးရွာတွေဟာလည်းပဲ တစ်ရွာနဲ့တစ်ရွာ အလှမ်းကွာဝေးပြီးတော့၊ လူနေကျဲပါးစွာ ပျံ့နှံ့

တည်ရှိလျက်ရှိပါတယ်။ ရပ်ကွက်ပေါင်း(၆)ခုနဲ့ ကျေးရွာပေါင်း(၃၈၄)ရွာနဲ့ ဖွဲ့စည်းထားတဲ့ မြို့နယ် ဖြစ်ပါတယ်။ လူဦးရေအားဖြင့် (၉၄၆၃၃)ဦး နေထိုင်တဲ့အတွက်ကြောင့် ချင်းပြည်နယ်မှာ လူဦးရေ အများဆုံးမြို့နယ် ဖြစ်ပါတယ်။ သို့ရာတွင် ကျေးရွာပေါင်း(၁၅၀)ခန့်ဟာ ယနေ့အထိ နိုင်ငံတော်အစိုးရက အခြေခံပညာမူလတန်းကျောင်းများ ဖွင့်လှစ်ပေးနိုင်ခြင်း မရှိသေးကြောင်းကို လေ့လာတွေ့ရှိရပါတယ်။ အသစ်ဖွဲ့စည်းထားတဲ့ ဆမီးမြို့နယ်ခွဲမှာဆိုရင် ရပ်ကွက်(၃)ခု၊ ကျေးရွာပေါင်း(၁၄၉)ရွာအနက် အခြေခံပညာအထက်တန်းကျောင်း(၃)ကျောင်း၊ အလယ်တန်းကျောင်း(၆)ကျောင်း၊ မူလတန်းလွန်ကျောင်း(၁၄)ကျောင်း၊ မူလတန်းကျောင်း(၅၈)ကျောင်း၊ မူလတန်းကျောင်းခွဲ(၄)ကျောင်း ဖြစ်ပြီးတော့ ထက်၊ လယ်၊ မူကျောင်းပေါင်း(၉၅)ကျောင်း ရှိပါတယ်။ ရပ်ကွက်/ကျေးရွာပေါင်း(၁၅၂)ခုအနက် ထက်ဝက်ကျော်မျှသာ စာသင်ကျောင်းရှိနေတဲ့အတွက်ကြောင့် စာတတ်မြောက်မှုရာခိုင်နှုန်း၊ ကျောင်းနေမှုရာခိုင်နှုန်း နိမ့်ကျတယ်ဆိုခြင်းနဲ့ပတ်သက်ပြီး အထူးသံသယဖြစ်ဖွယ် မရှိတော့ပါဘူးခင်ဗျား။

ဆမီးမြို့နယ်(ခွဲ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စာရင်းတင်ပြချက်အရ ဆမီးမြို့နယ်(ခွဲ)ရဲ့ စာတတ်မြောက်မှု ရာခိုင်နှုန်းဟာ (၃၆.၃၃)ရာခိုင်နှုန်းသာ ဖြစ်တဲ့အတွက်ကြောင့် ပညာရေးကဏ္ဍနဲ့ စပ်လျဉ်းပြီးတော့မှ အထူးစီမံချက်နဲ့ ပညာရေးကဏ္ဍကို မြှင့်တင်ပေးရန် လိုအပ်ကြောင်း သိသာထင်ရှားလျက် ရှိပါတယ်။ ယခုနှစ် ၂၀၁၄-၂၀၁၅ ခုနှစ်၊ ပညာသင်နှစ်မှာ အခြေခံပညာမူလတန်းကျောင်းအဖြစ်တိုက်ရိုက် လျှောက်ထားအမှုတွဲ(၁၉)ခု၊ မူလတန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးရန် လျှောက်ထားတဲ့ အမှုတွဲ(၁၈)ခုရှိပြီးမှ မူလတန်းကျောင်းလျှောက်ထားတဲ့ အမှုတွဲ စုစုပေါင်းဟာ ကျွန်တော်မေးခွန်းတင်တဲ့ အချိန်အထိ (၃၀)ခု ရှိကြောင်း တွေ့ရှိရပါတယ်။

ကျွန်တော်မေးခွန်းတင်ပြတဲ့ ဇန်နဝါရီလ(၃၀)ရက်နောက်ပိုင်းမှာ ဆက်လက်ပြီးတော့ အမှုတွဲ လျှောက်ထားတင်တာကိုလည်း တွေ့ရှိရပါတယ်။ အချို့ကျေးရွာများဟာ ကျောင်းအဆင့် တိုးမြှင့်ဖို့ ဆောင်ရွက်လိုကြသော်လည်း သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးများမှာ စာရွက်စာတမ်းစရိတ်၊ သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထောက်ခံချက် ပေးရတဲ့စရိတ်၊ ကျောင်းမြေပိုင်ဆိုင်မှုအတွက် မြေစာရင်းဦးစီးရုံးမှာ ပေးဆောင်ရတဲ့ စရိတ်တွေကြောင့် ငွေကြေးမတတ်နိုင်တဲ့အတွက်ကြောင့် နှစ်စဉ် အမှုတွဲတင်ပြနိုင်ခြင်း မရှိတာကိုလည်း တွေ့ရှိရပါတယ်။ ယခင်နှစ်များမှာ အမှုတွဲတင်ပြရန်မလိုဘဲ ကျောင်းအဆင့်များ တိုးမြှင့်ခြင်းကို ဆောင်ရွက်ခဲ့သော်လည်း၊ ယခုနှစ်မှာတော့ တစ်ဖန်အမှုတွဲပြုစုရမယ်ဆိုထားတဲ့အတွက်ကြောင့် ကျေးရွာများအနေနဲ့ အမှုတွဲတင်ပြဖို့ စရိတ်စက မတတ်နိုင်တဲ့အတွက်ကြောင့် တချို့ကျေးရွာများဟာ အမှုတွဲတင်ပြနိုင်ခြင်း မရှိတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ အမှုတွဲတင်ပြသော်လည်းပဲ မြို့နယ်ရုံးကအစ အထက်အဆင့်ဆင့် တင်ပြပေးနိုင်ခြင်း မပြုမှာကိုလည်း စိုးရိမ်မှုရှိနေကြပါတယ်။

အဲဒါကြောင့် ပြည်သူလူထုများဟာ လွှတ်တော်ကိုယ်စားလှယ်များထံ အမှုတွဲမိတ္တူများကို ပေးပို့လာကြတာ ဖြစ်ပါတယ်။ ကျွန်တော် မေးခွန်းတင်တဲ့အချိန်မှာ အမှုတွဲ၊ အခု ဒီမေးခွန်းမှာတင်တဲ့ အမှုတွဲအားလုံးဟာ ကျွန်တော်မေးခွန်းထဲမှာ ထည့်ထားတာ။ သို့သော်လည်း ဒီမေးခွန်းတင်ပြီးနောက်ပိုင်းမှာ ကျွန်တော်ဆီမှာ အမှုတွဲပေါင်းများစွာ ရောက်ရှိပါတယ်။ သို့သော်လည်း အချိန်မမီတဲ့အတွက်ကြောင့် ဒီမှာ စာရင်းတင်ပြနိုင်ခြင်း မရှိပါဘူး။

ဒါကြောင့် လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ပလက်ဝမြို့နေပြည်သူများ၏ အခက်အခဲ ပေါင်းများစွာကို နားလည်သောအားဖြင့် ပလက်ဝမြို့နယ်မှာ အခြေခံပညာမူလတန်းကျောင်းများ အသစ် ဖွင့်လှစ်ဖို့ အင်မတန်လိုအပ်ပါတယ်။ ကျွန်တော် ဤ မေးခွန်းနဲ့အတူ အမှုတွဲမိတ္တူများကိုလည်း ပေးပို့ သလို ဒီမေးခွန်းမှာပါတဲ့ ကျောင်းတစ်ကျောင်းချင်းရဲ့ အချက်အလက်များကိုလည်း ဇယားကွက်နဲ့ ဖော်ပြ ထားပါတယ်။

သို့ပါ၍ (က) ဘဲဒုံကျေးရွာအုပ်စုမှ ကြိမ်ချောင်းကျေးရွာ၊ ဖက်ချောင်းကျေးရွာအုပ်စုမှ ကျီးကန်းတောင်ရွာ၊ ကြက်မအိုင်ကျေးရွာအုပ်စုမှ အညှင်းဝကျေးရွာ၊ ဘောင်းဝီးကျေးရွာအုပ်စုမှ အထက် ဘောင်းဝီးကျေးရွာ၊ ဝါဒိုင်ကုန်းကျေးရွာအုပ်စုမှ ကယောက်တောင်ကျေးရွာ၊ ကျီးလေကျေးရွာအုပ်စုမှ ကျီးလေချောင်းထဲကျေးရွာ၊ ခိုက်ခါကျေးရွာအုပ်စုမှ ကျေးတောကျေးရွာ၊ ဟားလာဝကျေးရွာအုပ်စုမှ တောက်ဝကျေးရွာ၊ အဘောင်သားကျေးရွာအုပ်စုမှ ကန်းလေကျေးရွာ၊ အာကီကုန်းကျေးရွာအုပ်စုမှ အောက်ဆင်ကီကျေးရွာ၊ တွီဆော့ကုန်းကျေးရွာအုပ်စုမှ ဘွေလီကျေးရွာ၊ ဝါဒိန်ကျေးရွာအုပ်စုမှ ဆောင်ဝ ကျေးရွာ၊ ဘောင်ကုန်းကျေးရွာအုပ်စုမှ တွီဆီးကုန်းကျေးရွာ၊ ဝါဒိန်ကျေးရွာအုပ်စုမှ ဟီဝကျေးရွာ၊ ဆမီးမြို့ရပ်ကွက်(၁)မှ ဆမီးဘာဝကျေးရွာ၊ (င/ဒက်ချောင်း) င/ဒက်ကျေးရွာအုပ်စုမှ မောင်နှမကျေးရွာ၊ ပိန်ခဲတစ်ပင်ကျေးရွာအုပ်စုမှ တဲမချောင်းထဲကျေးရွာတို့ကို ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွင်း အခြေခံ ပညာမူလတန်းကျောင်းများ ဖွင့်လှစ်ပေးပါရန် အစီအစဉ် ရှိ/မရှိကို သိရှိလိုပါတယ်။ (ခ) ပလက်ဝ မြို့နယ်မှာ မူလတန်းကျောင်းများ ခွင့်ပြုမယ်ဆိုရင် အထက်ဖော်ပြပါ ကျေးရွာများအပြင် အခြားမည်သည့် ကျေးရွာများကိုလည်း တိုးမြှင့်ပေးနိုင်မည်ကို သိရှိလိုပါတယ်။ (ဂ) ကျောင်းအမှုတွဲ တင်ပြထားသည့် ကျောင်းအဆင့်တိုးရန် ကျန်ရှိမည့် ကျေးရွာများကို မည်သည့်အချိန်အခါတွင် ဖွင့်လှစ်ပေးမည်ကို သိရှိ လိုကြောင်း မေးမြန်းအပ်ပါတယ်။ အမှုတွဲနှင့်တကွ တစ်ကျောင်းချင်းရဲ့ အချက်အလက်များကို တင်ပြ ထားပြီး ဖြစ်ပါတယ်။ အထူးပဲ ကျေးဇူးတင်ပါတယ်။

မတူပီမြို့နယ်၊ ဆဘောင်းဝီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသည် အန္တရာယ်ရှိသောကျောင်း ဖြစ်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၌ လိုအပ်သော ရန်ပုံငွေကို အမြန်ချထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၁းဝ၉။

ဥက္ကဋ္ဌ။ ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လှိုလွင် က မတူပီမြို့နယ်၊ ဆဘောင်းဝီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသည် အန္တရာယ်ရှိသော ကျောင်းဖြစ်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၌ လိုအပ်သော ရန်ပုံငွေကို အမြန်ချထားပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၁းဝ၉။

ဦးပေါ်လှိုလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။ ။ အားလုံးမင်္ဂလာပါ။ ရိုသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်က ချင်းပြည်နယ် အမှတ်(၉) အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးပေါ်လှိုလွင် ဖြစ်ပါတယ်။

ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ မတူပီမြို့နယ်က ဆဘောင်းပီးကျေးရွာ ပညာအလယ်တန်းကျောင်းကိစ္စ ဖြစ်ပါတယ်။ ဆဘောင်းပီးကျေးရွာ အလယ်တန်းကျောင်းဟာ မတူပီမြို့နယ်ကနေ (၆၅)မိုင်ခန့် ကွာဝေးပြီး အိန္ဒိယနယ်စပ်ကနေ (၁၄)မိုင် ခန့်ဝေးတဲ့နေရာ ဖြစ်ပါတယ်။ အဲဒီရွာကို ကျွန်တော် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့က ကျွန်တော် ရောက်တဲ့အခါမှာသူတို့ ရွာသူ/ ရွာသားများရဲ့ တိုင်ပင်ချက် အရ အဲဒီကျောင်းကို သွားကြည့်တဲ့အခါမှာ အခြေအနေက ကျောင်းဝင်တဲ့အခါမှာ အမိုးတွေ၊ သွပ်မိုး တွေက စကာပေါက် ပေါက်နေတာ တွေ့ရတယ်။ တိုင်တွေလည်း ခြေတွေစားတာနဲ့ ဆွေးတာနဲ့ ယိုင်လဲမယ့် အခြေအနေ လေပြင်းမုန်တိုင်းကျတယ်ဆိုရင် ယိုင်လဲနိုင်တဲ့အခြေအနေမှာရှိတဲ့ အတွက်ကြောင့် အဲဒါကို ခင်ဗျားတို့ မတင်ဘူးလားလို့ မေးတဲ့အခါမှာ တင်ထားပါတယ်။ တင်ထားတာ ယနေ့တိုင် မကျသေးတဲ့ အတွက် တစ်ဆင့် ပြန်လည်တင်ပြပေးပါလို့ ပြည်သူလူထုက တင်ပြတဲ့အတွက် အောက်ပါမေးခွန်းကို ကျွန်တော် မေးမြန်းပါတယ်။

မတူပီမြို့နယ်က ဆဘောင်းပီးကျေးရွာက အ.လ.က ကျောင်းသည် အန္တရာယ်ရှိကျောင်း ဖြစ်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၌ လိုအပ်သော ရန်ပုံငွေကို အမြန်ချပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ လွန်ပင်ရှိကျေးရွာ အမှတ်(၁၂) အခြေခံပညာအလယ်တန်းကျောင်းတွင် အလျားပေ(၉၀)၊ အနံပေ(၃၀)၊ အမြင့်(၁၅)ပေ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၁း၁၁။

ဥက္ကဋ္ဌ။ ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း က မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ လွန်ပင်ရှိကျေးရွာ အမှတ်(၁၂) အခြေခံပညာအလယ်တန်းကျောင်းတွင် အလျားပေ(၉၀)၊ အနံပေ(၃၀)၊ အမြင့်(၁၅)ပေ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၁း၁၁။

ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုတာကတော့ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ လွန်ပင်ရှိကျေးရွာ အမှတ်(၁၂) အခြေခံပညာအလယ်တန်း ကျောင်းတွင် အလျားပေ(၉၀)၊ အနံပေ(၃၀)၊ အမြင့်(၁၅)ပေ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ လွန်ပင်ရှိကျေးရွာ အမှတ်(၁၂) အခြေခံပညာအလယ်တန်းကျောင်းတွင် မူလတန်းအဆင့် ကျောင်းသား/ကျောင်းသူ(၁၉၁)ဦး၊ အလယ်တန်းအဆင့်ကျောင်းသား/ကျောင်းသူ(၂၈၉)ဦး စုစုပေါင်း ကျောင်းသားဦးရေ(၄၈၀)ဦး ပညာသင်ကြားလျက်ရှိပြီး မူလတန်းအဆင့်တန်းခွဲ(၅)ခန်း၊ အလယ်တန်းအဆင့် တန်းခွဲ(၄)ခန်းခွဲကာ ဆရာ/ဆရာမ (၁၂)ဦးဖြင့်

ပညာသင်ကြားလျက်ရှိပါတယ်။ အဆိုပါကျောင်းတွင် ၂၀၀၈ ခုနှစ်က ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့တဲ့ အလျားပေ (၁၀၀ x ၃၀ x ၁၅) သွပ်မိုးအုတ်ကာ သမံတလင်းခင်း ကျောင်းဆောင်တစ်ဆောင်၊ ၂၀၁၁ ခုနှစ်က ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့တဲ့ အလျားပေ(၃၀x ၁၅) သွပ်မိုးအုတ်ကာ သမံတလင်းခင်း ကျောင်းဆောင်တစ်ဆောင်နဲ့ ၂၀၁၀ ခုနှစ်က ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့တဲ့ အလျားပေ(၉၀ x ၂၄ x ၁၂) ထန်းရွက်မိုး၊ အကာအခင်းမရှိ ယာယီကျောင်းဆောင်တစ်ဆောင်တို့ဖြင့် ကျောင်းသား/ကျောင်းသူ (၄၈၀)ဦးတို့ ပညာသင်ကြားနေရပါတယ်။

လွန်ပင်ရှိကျေးရွာ အမှတ်(၁၂)အခြေခံပညာအလယ်တန်းကျောင်းမှာရှိတဲ့ ယာယီကျောင်းဆောင် အလျားပေ (၉၀ x ၂၄) ရှိ ထန်းရွက်မိုး၊ အကာအခင်းမရှိ ကျောင်းဆောင်ဟာ ယခုအခါမှာ ဆွေးမြေ့ ပျက်စီးနေပါသဖြင့် နိုင်ငံတော်မှ အလျားပေ (၉၀ x ၃၀ x ၁၅) ရှိ တစ်ထပ်ကျောင်းဆောင်တစ်ဆောင် အမှန်တကယ် ဆောက်လုပ်ပေးရန် လိုအပ်နေပါတယ်။ လက်ရှိ ကျောင်းဆောင်အားလုံးဟာ ကျေးရွာ လူထုမှ ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ထားသော ကျောင်းဆောင်များသာ ဖြစ်ပါတယ်။ နိုင်ငံတော် အစိုးရက ဆောက်လုပ်ပေးတဲ့ ကျောင်းဆောင် တစ်ဆောင်မှ မရှိသေးပါဘူးခင်ဗျား။ လွန်ပင်ရှိကျေးရွာ အမှတ်(၁၂)အခြေခံပညာအလယ်တန်း ကျောင်းတွင် ကျောင်းသားအင်အားနဲ့ ကျောင်းဆောင် မျှတမှု မရှိပါ၍ ကျောင်းဆောင်သစ် တစ်ဆောင်ကို လိုအပ်နေကြောင်း နယ်မြေလူထုများနှင့် သွားရောက် တွေ့ဆုံစဉ် မျက်မြင်တွေ့ရှိချက်များအရ ပညာရေးဝန်ကြီးဌာနက ဆောက်လုပ်ပေးနိုင်ရန်လည်း တင်ပြ တောင်းခံအပ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျောင်းဆောင်သစ် ဆောက်လုပ်နိုင်ရန်အတွက် ရေနံချောင်းမြို့နယ် ပညာရေးမှူးရုံး၏ ၂၈-၃-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၈/ထောက်-၁/၁၁၇၄/၂၀၁၄ ဖြင့် မကွေးတိုင်း ဒေသကြီး၊ တိုင်းဒေသကြီးပညာရေးမှူး ညွှန်ကြားရေးမှူး ထံ ရန်ပုံငွေ တင်ပြတောင်းခံထားပြီးလည်း ဖြစ်ပါတယ်။ သို့ပါ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများရဲ့ကိုယ်စား အောက်ဖော်ပြပါ မေးခွန်းများကို မေးမြန်းအပ်ပါတယ်။

(၁) ကျောင်းဆောင်အင်အားနဲ့ ကျောင်းဆောင် မျှတမှုမရှိဖြစ်နေတဲ့ လွန်ပင်ရှိကျေးရွာ အမှတ်(၁၂) အခြေခံပညာအလယ်တန်းကျောင်းတွင် အမှန်တကယ် လိုအပ်လျက်ရှိတဲ့ အလျားပေ (၉၀ x ၃၀ x ၁၅) ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ။

(၂) ဆောက်လုပ်ပေးမည်ဆိုပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုပါသဖြင့် မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အချိန်၊ ၁၁း၁၅။

ဥက္ကဋ္ဌ။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဖြေကြားချက်

အချိန်၊ ၁၁း၁၅။

ဒေါက်တာဇော်မင်းအောင် (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။ ။ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး ကိုယ်၏ကျန်းမာခြင်း စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပဏာမ ဂါရဝပြုဆုတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာဇော်မင်းအောင်က ကိုယ်စားလှယ်တော်ကြီးများ မေးသွားတဲ့မေးခွန်း(၅)ခုနဲ့ ပတ်သက်ပြီးတော့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပထမဦးဆုံးအနေနဲ့ ပဲခူးတိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖိုးဇော် ရဲ့ သနပ်ပင်မြို့နယ်၊ ကျွဲဖြူချောင်းကျေးရွာ အ.လ.က(ခွဲ)ကျောင်းဆောင်သစ် မြေနေရာအား အတည်ပြု သတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းပြီး မေးခွန်းကို စတင်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကျွဲဖြူချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှာ ကျောင်းဆောင်သစ် ဆောက်လုပ်ရန် မြေနေရာ အငြင်းပွားလျက် ရှိပါတယ်။ သနပ်ပင်မြို့နယ်၊ ပညာရေးမှူးက အငြင်းပွားနေတဲ့ ကျွဲဖြူချောင်း အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အစား အန္တရာယ်ရှိတဲ့ ကျောင်းတစ်ကျောင်း ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေး လွယ်ကူ၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်မယ့် တောင်ဘက်ကမ်း အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အစားထိုးဆောက်လုပ်ပေးရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ သို့ တင်ပြခဲ့ပါတယ်။ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှာလည်း အဆိုပါကျောင်းအတွက် အစားထိုး ဆောက်လုပ်ခွင့် ပြုခဲ့ပါသဖြင့် ရန်ပုံငွေ ပြောင်းလဲသုံးစွဲခွင့်ပြုနိုင်ပါရန် လုပ်ထုံးလုပ်နည်းများနည်းနှင့်အညီ အမှတ်(၁)အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး သို့ တင်ပြလာခဲ့ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးကလည်း ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ၁၄-၃-၂၀၁၄ ရက်နေ့မှာ သက်ဆိုင်ရာ ဌာနအသီးသီးသို့ ရန်ပုံငွေ လွှဲပြောင်းသုံးစွဲခွင့်ပြုနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်တဲ့အခါမှာ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးရဲ့ ၁၈-၃-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ဘခ-၃/၂၀/၂၀၁၄ ဖြင့် ရန်ပုံငွေ လွှဲပြောင်းသုံးစွဲခြင်းအားခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒုတိယအနေနဲ့ မကွေးတိုင်းဒေသကြီး အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ က ဂန့်ဂေါမြို့နယ်၊ ကြောကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှာ ကျောင်းဆောင်သစ်အတွက် လိုအပ်နေသော ငွေကျပ်(၃၅၀)သိန်းအား ပညာရေးဝန်ကြီးဌာန ဘတ်ဂျက်မှ ဖြည့်စွက်ချထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်း၍ ဆက်လက်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ ကြောကျေးရွာ အခြေခံပညာအထက်တန်း ကျောင်းမှာ နှစ်ထပ်ကျောင်းဆောင် ပေ(၁၇၀ x ၃၀) အပြီးသတ် ဆောက်လုပ်နိုင်ရန်အတွက် ပညာရေး ဝန်ကြီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ယခုနှစ်ဘတ်ဂျက် သာမန်အသုံးစရိတ်မှာ ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေခေါင်းစဉ် 04 02 အောက်မှ ရန်ပုံငွေ ခွဲဝေပေးနိုင်ရန်အတွက် စိစစ်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

တတိယအနေနဲ့ ချင်းပြည်နယ် အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဆလိုင်းခွဲယန် ရဲ့ ပလက်ဝမြို့နယ်တွင် အခြေခံပညာမူလတန်းကျောင်း သို့မဟုတ် အခြေခံပညာမူလတန်းကျောင်း(ခွဲ)အသစ်များ တိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းကို ကြည့်မယ်ဆိုရင် (၃)ပိုင်းရှိတာကိုတွေ့ရပါမယ်။ အပိုင်း(၁) အနေနဲ့တော့ ကိုယ်စားလှယ်ကြီး တင်ပြထားတဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်းမှာရှိတဲ့ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်း(၁၇)ကျောင်းရှိပါတယ်။ အဲဒီ(၁၇)ကျောင်းအနက် ကြိမ်ကျောင်း၊ အည့ှင်းဝ၊ ဆောင်ဝ၊ ဟီဝ ကိုယ့်အားကိုယ်ကိုး အခြေခံပညာမူလတန်းကျောင်း (၄)ကျောင်းအား အခြေခံပညာမူလတန်းကျောင်း(ခွဲ)များအဖြစ် ၅-၆-၂၀၁၄ ရက်နေ့တွင် အဆင့်တိုးမြှင့်ပေးပြီး ဖြစ်ပါတယ်။ ကျန်ရှိတဲ့ (၁၃)ကျောင်းအား အခြေခံပညာမူလတန်းကျောင်း(ခွဲ)အဖြစ် ၆-၆-၂၀၁၄ ရက်နေ့တွင် အဆင့်တိုးမြှင့်ပေးပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဒုတိယပိုင်းအနေနဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများ ဖွင့်လှစ်မည်ဆိုပါက သက်ဆိုင်ရာ ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ သဘောထားမှတ်ချက်အပေါ် မူတည်၍ ကျေးရွာများမှာ ကျောင်းများ ဖွင့်လှစ်ပေးနိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

တတိယပိုင်းအနေနဲ့ ကျောင်းအဆင့်တိုးမြှင့်လိုတဲ့ ကျောင်းများအနေနဲ့ အမှုတွဲ တင်ပြရန် တောင့်လိုအပ်ပါတယ်။ သို့သော်လည်းပဲ ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့ အခက်အခဲများ ကျော်လွှားနိုင်အောင် ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနကလည်း ဒီ တင်ပြီးသား Case တွေကိုတော့ ပညာရေးရုံးမှာပဲ ပြန်တင်ခိုင်းဖို့ ဆောင်ရွက်ပါမယ်။ နောက်တစ်ခု တင်ပြလိုချင်တာကတော့ (၁)နှစ်မှာ တစ်ကြိမ်ပဲ ကျောင်းအဆင့်တိုး ဆောင်ရွက်သွားမှာ မဟုတ်ပါဘူး။ ယခင်နှစ်အထိတော့ ကျောင်းအဆင့်တိုးတွေကို (၁)နှစ် တစ်ကြိမ်ပဲ ဆောင်ရွက်သွားပြီးတော့ ယခုမှာတော့ လိုအပ်ချက်အရ ကျွန်တော်တို့ သူ့ရဲ့ (၄)လ တစ်ကြိမ်ဖြစ်စေ၊ ကျွန်တော်တို့ (၆)လ တစ်ကြိမ်ဖြစ်စေ ဆောင်ရွက်သွားဖို့ ကျွန်တော်တို့ စီမံထားပါကြောင်း တင်ပြအပ်ပါတယ်။

ဒီနေရာမှာ တင်ပြလိုတာကတော့ ကျောင်းအဆင့်တိုးတဲ့ကိစ္စမှာ ကျောင်းမြေပိုင်ဆိုင်မှု အတွက် တောင်းရတာ အခက်အခဲ ရှိတယ်လို့ တွေ့ပါတယ်။ ဒါကလည်း ဘာဖြစ်လို့ တောင်းရတာလဲ ဆိုရင် ယခင်က ကျောင်းအဆင့် တိုးပေးပြီးမှ ကျောင်းပိုင်မြေနေရာ မရှိလို့ ပြန်အပ်တဲ့ဖြစ်စဉ်တွေရှိတဲ့ အတွက် ကျွန်တော်တို့က အချက်(၃)ချက်နဲ့ တောင်းပါတယ်ခင်ဗျား။ ကျောင်းမြေပိုင်ဆိုင်မှုမှာလည်း အဲဒီ အချက်တစ်ချက်ထဲမှာ ပါပါတယ်။ ဒါကြောင့်မို့လို့ ဥစ္စာရင်လို ဥစ္စာရင်ခဲ ဆိုသလို အမှုတွေကိုတော့ တင်ဖို့ လိုပါတယ်။ တင်ဖို့ အခက်အခဲရှိတယ်ဆိုရင်တော့ ပညာရေးဝန်ကြီးဌာနကို ပညာရေးမှူးရုံးကနေ တစ်ဆင့် တိုက်ရိုက်ဆက်သွယ်ပြီး ဆောင်ရွက်နိုင်ပါကြောင်း တင်ပြအပ်ပါတယ်။

နောက်တစ်ခု ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ကတော့ ပညာရည်မြင့်မားရေးကို ဆောင်ရွက်နေတဲ့အခါမှာ ကြုံကြိုက်လို့ တင်ပြရရင် ရွာပေါင်း(၆၄၀၀၀)ကျော် ရှိပါတယ်။ အဲဒီကျောင်းတွေမှာ အကုန်လုံးကို မူလတန်းကျောင်း ဆောက်လုပ်မပေးနိုင်သော်လည်းပဲ ယခု တင်ပြထားတဲ့ အမျိုးသားပညာရေးမူဝါဒ ဥပဒေကြမ်းမှာ တစ်ကျောင်းမှာ One Educator ရှိနိုင်အောင်လို့ ရပ်ရွာ/

ကျေးရွာပဒေသာဌာနတွေ ဖွင့်လှစ်နိုင်ဖို့များ ပြုခဲ့မယ်ဆိုရင် အဲဒီ တစ်ကျောင်းမှာ ဆရာတစ်ဦးစီ ခန့်အပ်ထားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြည့်စွက်တင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့ ချင်းပြည်နယ် အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးပေါ်လှိုလွင် ရဲ့ မတူပီမြို့နယ်၊ ဆဘောင်းပီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသည် အန္တရာယ်ရှိသောကျောင်းဖြစ်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၌ လိုအပ်သော ရန်ပုံငွေကို အမြန်ချထားပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းပြီး ဆက်လက် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ မတူပီမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအနက် အခြေခံပညာကျောင်း (၃)ကျောင်းအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလျာထားချက်မှာ ငွေကျပ်သိန်းပေါင်း(၇၂၀) ထည့်သွင်းလျာထားပေးပြီး ဖြစ်ပါတယ်။ ယခု ကိုယ်စားလှယ်တင်ပြလာသော ဆဘောင်းပီးအခြေခံပညာအလယ်တန်းကျောင်းဟာ အန္တရာယ်ရှိကျောင်းဖြစ်တဲ့အတွက် အသစ်ဆောက်လုပ်ရမှာ ဖြစ်ပါတယ်။ အသစ်ဆောက်လုပ်ရမယ်ဆိုရင် ငွေလုံးငွေရင်းအသုံးစရိတ်မှာ တင်ပြတောင်းခံရမှာ ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ငွေလုံးငွေရင်း အသုံးစရိတ်ဟာ အတည်ပြုပြီး ဖြစ်တဲ့အတွက် ယခု ကိုယ်စားလှယ်ကြီး တင်ပြထားတဲ့ ဆဘောင်းပီး အခြေခံပညာအလယ်တန်းကျောင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေ လျာထားချက်စာရင်းမှာ ပါဝင်နိုင်ရေးအတွက် လျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ မကွေးတိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်း ရဲ့ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ လွန်ပင်ရှိကျေးရွာ အမှတ်(၁၂) အခြေခံပညာအလယ်တန်းကျောင်းမှာ အလျားပေ(၉၀)၊ အနံပေ(၃၀)၊ အမြင့်(၁၅)ပေ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ နဲ့ စပ်လျဉ်းသည့် မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ လွန်ပင်ရှိကျေးရွာ အမှတ်(၁၂)အခြေခံပညာအလယ်တန်းကျောင်းအတွက် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေခေါင်းစဉ်အောက်မှာ ငွေကျပ်(၃၂၄)သိန်းအား ထည့်သွင်းလျာထားပေးပြီး ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ဒီမှာ အပိုင်း(၂)ပိုင်းရှိတဲ့အတွက် ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းကို ဖြေကြားပြီး ဖြစ်မယ်လို့ ယူဆပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ ငွေကြေးဖောင်းပွမှုကို တည်ငြိမ်စေရန် မူဝါဒချမှတ် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ် ရယူခြင်း

အချိန်၊ ၁၁း၂၃။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် က ငွေကြေးဖောင်းပွမှုကို တည်ငြိမ်စေရန် မူဝါဒချမှတ် ဆောင်ရွက်ပေးပါရန်နှင့်စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဒေါက်တာမြင့်ကြည် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၁း၂၄။

ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၈)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီအဆိုကို တင်ပြရခြင်းဟာ ကျွန်တော်တို့ နိုင်ငံမှာရှိနေတဲ့ ဒီပြည်သူ/ ပြည်သားတွေရော၊ အလုပ်သမားတွေရော၊ ကျေးရွာမှာ ရှိနေတဲ့ ကျေးရွာသူ/ကျေးရွာသားတွေရော ကျွန်တော်တို့ရဲ့ ကုန်စျေးနှုန်းတွေဟာ ဒီတရိပ်ရိပ် တက်ပါတယ်။ အဲဒီတော့ ဒီငွေကြေးဖောင်းပွမှုဆိုတဲ့ဟာကို အဓိပ္ပာယ်ဖွင့်တဲ့အခါမှာ ဒီစီးပွားရေးပညာရှင်တွေက အမျိုးမျိုးဖွင့်ကြပေမယ့် နောက်ဆုံးမှာတော့ ဒီဟာသည် ကုန်စျေးနှုန်း မြင့်တက်ခြင်းနဲ့ ကျွန်တော်တို့က ဒီငွေကြေးဖောင်းပွမှု သတ်မှတ်ပါတယ်။

အဲဒီတော့ ကျွန်တော့်အနေနဲ့ တင်ပြပြီးတော့ အဆိုပြုလိုတာက ကုန်စျေးနှုန်းတွေ CPI ပေါ့။ CPI ခေါ်ပါတယ်။ Consumer Price Index ဒီဟာတွေကို ကျွန်တော်တို့နိုင်ငံတော်မှာ တစ်လတစ်ကြိမ် ထုတ်ပြန်ပေးပြီးတော့ ဒါ ဆောင်ရွက်သင့်တယ်။ ဒီဟာတွေက ကျွန်တော်တို့က CSO ကနေပြီးတော့မှပဲ ကောက်ပြီးတော့ ဆောင်ရွက်နေတာလား။ ဒါမှမဟုတ် ဘယ်အဖွဲ့အစည်းကနေပြီးတော့ ကောက်ပြီး ဒီဟာတွေကို လေ့လာသုံးသပ်နေပါသလဲ။ အဲဒီဟာလည်းပဲ ငွေကြေးဖောင်းပွမှုနှင့် ကုန်စျေးနှုန်း မြင့်မားမှုမှာ အရေးပါတဲ့ Data တစ်ခု ဖြစ်ပါတယ်။ ဒီအမေရိကန်နိုင်ငံလို ဟာမျိုးမှာတော့ ဒီဟာက Bureau of Labour Statistics အဲဒီအဖွဲ့ကြီးကနေ ကောက်တယ်။ ကောက်ပြီးတော့ လစဉ် ကျွန်တော်တို့ ထုတ်ပြန်တာ ရှိပါတယ်။ ဒီ Data တွေ ထုတ်ပြန်ရုံနဲ့ မပြီးပါဘူး။ ဒီအပေါ်မှာ သုံးသပ်ပြီးတော့ ဆောင်ရွက်ကြရပါတယ်။

အဲဒီတော့ ကျွန်တော့်အနေနဲ့ အခု ဒီ ကျွန်တော်တို့နိုင်ငံမှာ ဝန်ထမ်းတွေကို အပိုဆောင်းတဲ့ ငွေတွေ ကျွန်တော်တို့ ပေးတယ်။ တစ်နည်းအားဖြင့် သူတို့ လခတိုးတဲ့သဘောမျိုးပါပဲ။ ဒါပေးတယ်။ နောက် တချို့ ကျွန်တော်တို့ ဒီလျှပ်စစ်မီတာခတွေကလည်းပဲ တက်လာမယ်ဆိုတဲ့အခါမှာ တစ်ပြိုင်နက်တည်းပဲ ကုန်စျေးနှုန်းတွေကလည်းပဲ ကျွန်တော်တို့ ကြီးမြင့်လာပါတယ်။ ချက်ချင်း တက်လာတယ်။ အဲဒီတော့ ဒီကုန်စျေးနှုန်းတွေ တက်ရတဲ့အခြေခံအကြောင်းအရင်းဟာ ဘာကြောင့်လဲ။ ဒီငွေကြေးဖောင်းပွမှုကို ကျွန်တော်တို့လေ့လာတဲ့အခါမှာ ကျွန်တော်တို့ သဘောတရား သီအိုရီတွေ အများကြီး ရှိပါတယ်။ ဒါ ကျွန်တော်တို့ လွယ်လွယ်ပြောရရင် Supply and Demand ကျွန်တော်တို့ လိုချင်တာနဲ့ ပစ္စည်းကို ဝယ်ယူလိုတာနဲ့ ဒီက ထုတ်ပေးနိုင်စွမ်းအားပေါ့။ ကျွန်တော်တို့က လိုချင်တာက အခု တစ်ရာ၊ ထုတ်ပေးနိုင်တာက (၅၀)လောက်ဆိုရင်တော့ ဒါ ကုန်စျေးနှုန်းကြီးမြင့်တဲ့သဘော။ ဒါတွေ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ထုတ်လုပ်မှုတန်ဖိုးပေါ့။ ခုန ကုန်ပစ္စည်းကို ထုတ်လုပ်လိုက်တဲ့အခါမှာ တန်ဖိုးကကြီးမြင့်မယ်။ ကြီးမြင့်မယ်ဆိုလို့ရှိရင်လည်း ကုန်စျေးနှုန်းတွေက တက်ပါမယ်။ အဲဒီတော့ ကျွန်တော်တို့က ဒီလိုစစချင်းမှာ အခုနက လခတွေကို နည်းနည်းလေး အခြေအနေကောင်းအောင် တိုးပေးမယ်။ နိုင်ငံတော်က စေတနာနဲ့ စသည်အားဖြင့် ဒီဟာတွေလုပ်တာနဲ့ ချက်ချင်းတက်လာတယ် ဆိုတဲ့ဟာက ဒါ စဉ်းစားစရာကောင်းပါတယ်။ အဲဒီတော့ ဒီမှာလည်းပဲ မူဝါဒတွေ ချမှတ်ထားဖို့လိုပါတယ်။ ဘာကြောင့်လဲဆိုတော့ အခု ကျွန်တော်တို့နိုင်ငံတင်မဟုတ်ပါဘူး။ နိုင်ငံတကာမှာ ကုန်သည်ကြီးများ အသင်းတွေ၊ ဆန်ကုန်သည်ဆိုလည်း ဆန်ကုန်သည်ကြီးများအသင်းတွေ၊ ဆီကုန်သည်ကြီးများအသင်း

တွေ၊ ဒီအပြင် အသင်းတွေအများကြီး ရှိပါတယ်။ ဒီအသင်းတွေဆိုတာက ဒီကုန်စျေးနှုန်းတွေကို ညှိနှိုင်းတိုင်ပင် ဆောင်ရွက်ပြီးတော့ နိုင်ငံတော်အတွက် ဆောင်ရွက်စရာမလိုဘူးလား။ ဒါ ကျွန်တော် မှားချင်မှားမှာပဲ။ ကျွန်တော် သိနေတာကတော့ ဘယ်နိုင်ငံမှာပဲဖြစ်ဖြစ် ဒီကုန်သည်ကြီးတွေ တစ်နည်း အားဖြင့် Banker တွေ နောက် ကျွန်တော်တစ်ခါ Pepsi ဦးသိန်းထွန်း နဲ့ လွန်ခဲ့တဲ့အနှစ်(၂၀)လောက်က ဆွေးနွေးဖူးပါတယ်။ ဒီဟာတွေက နိုင်ငံတော်ရဲ့စီးပွားရေးကို ချုပ်ကိုင်ထားတာပါ။

အဲဒီတော့ သူတို့နဲ့ နိုင်ငံတော်အစိုးရနဲ့က ညှိနှိုင်းတိုင်ပင်ပြီးတော့ ဒီဟာတွေက ဆောင်ရွက်ကြပါတယ်။ ဒါ အခု (Pepsi) ဦးသိန်းထွန်း ရှိပါတယ်။ ကျွန်တော် ဆရာကြီးဦးမော်သန်း နဲ့လည်းပဲ ရင်းနှီးပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဟာ ကျွန်တော်ဟိုတစ်နေ့က ပြောသလိုပဲ ဒီမိုကရေစီနိုင်ငံဖြစ်ပြီ။ သူလည်း တက်ချင်တာတက်၊ ဒီဟာလည်းပဲ ဆောင်ရွက်ချင်တာ ဆောင်ရွက်မယ်။ ဒီလိုသဘောမျိုးကတော့ နည်းနည်းလေး စဉ်းစားစရာအများကြီးရှိပါတယ်။ ဥပမာ - ဆန်တွေ ကျွန်တော်တို့က တက်တယ်။ ဆန်စျေးတွေ ချက်ချင်းတက်လာတယ်။ ကျွန်တော်တို့ဆီမှာ ခုနကတုန်းကပြောတဲ့ ကုန်စျေးနှုန်းတက်တဲ့ အခြေခံအကြောင်းအရင်းဖြစ်တဲ့ ဆန်တွေ မလုံလောက်ဘူးလား။ ကျွန်တော် သိသလောက်က လုံလောက်ပါတယ်။ သူတို့ စာရင်းဇယားတွေအရ ကျွန်တော်သိတာကတော့ ဒီ(၁၉)သန်းတန်ပေါ့နော်၊ အဲဒီလောက်လောက် ကျွန်တော်တို့က ထွက်ရှိတယ်ဆိုတာ လေ့လာသိရှိရပါတယ်။

ဥပမာ - ဟိုဘက်မှာ ၂၀၁၃ အဲဒီတုန်းက တင်ပို့တဲ့ ဆန်တန်ချိန်၊ ဒီဘက် ၂၀၁၄ မှာ တင်ပို့တဲ့ ဆန်တန်ချိန် အဲဒီတန်ချိန်တွေဟာ (၁.၃)သန်းလောက်ပဲ ရှိတယ်။ ၂၀၂၀ ကျမှ ကျွန်တော် မနက်တုန်းကလည်း သတင်းစာတစ်ခု ဖတ်လိုက်ပါတယ်။ ဒါကလည်းပဲ ကမ္ဘာ့ဘဏ်တွေ၊ IMF ကနေပြီးတော့ အဆိုပြုထားတာပါ။ ၂၀၂၀ လောက်ကျရင်တော့ (၄)သန်းလောက် ကျွန်တော်တို့ တင်ပို့ဖို့ လျှာထားပါတယ်။

အဲဒီတော့ ကျွန်တော်တို့က ခုနတုန်းက (၁၉)သန်းလောက်ထွက်တယ်။ ဒီဖက်မှာ ကျွန်တော်တို့ကဟိုဖက်ကို ရောင်းတယ် ဆိုတော့ ကျွန်တော်တို့ ဒီမှာ ခုနကတုန်းကပြောတဲ့ Supply and Demand ဒီဟာလား။ နောက်တစ်ချက် ခုနတုန်းကပြောတဲ့ ထုတ်ကုန်တွေရဲ့ စျေးနှုန်းကြီးလာတဲ့ အတွက်ကြောင့်လား။ ဆိုလိုတာကတော့ ချက်ချင်းပဲ ကျွန်တော်တို့ Fertilizer တွေ အဲဒါတွေကလည်း နိုင်ငံခြားကနေပြီးတော့ ကျွန်တော်တို့က သွင်းရတာ။ ဒီမှာလည်းပဲ ရှိပါတယ်။ ဒီဟာတွေ ချက်ချင်း ကျွန်တော်တို့က ကုန်စျေးနှုန်းတွေ တက်သွားတယ်။ ဒါကြောင့် ဘယ်မှာသွားမလဲ ကျွန်တော်တို့က FE ကျွန်တော်တို့ Rate ပေါ့။ နိုင်ငံခြားငွေလဲမှုနှုန်း ဒီဟာတွေကအစ ကျွန်တော်တို့က ဒါ စဉ်းစားလာစရာအကြောင်းတွေ ရှိပါတယ်။ ဒီဟာတွေ ကျွန်တော်သိသလောက် နိုင်ငံတကာမှာ ဒီဟာတွေကို ထိန်းချုပ်တာကတော့ မူဝါဒတွေထားပြီးတော့ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်တဲ့ အဖွဲ့အစည်းကတော့ ဗဟိုဘဏ်ပဲ ဖြစ်ပါတယ်။ ဗဟိုဘဏ်ကနေပြီးတော့ ဆောင်ရွက်ရမယ့်ကိစ္စရပ်တွေ ဖြစ်ပါတယ်။ ဗဟိုဘဏ်က လွတ်လွတ်လပ်လပ်နဲ့ သူတို့ ဆောင်ရွက်နိုင်စွမ်းအား ရှိရပါမယ်။

အဲဒီတော့ ခုနတုန်းက ကျွန်တော်တင်ပြခဲ့တဲ့ ကုန်စျေးနှုန်းတွေဟာ အဓိက ဝန်ထုပ်ဝန်ပိုးတွေ ဖြစ်တယ်။ ကုန်စျေးနှုန်းဆိုတဲ့ဟာက ကျွန်တော်တို့ရဲ့ စားဝတ်နေရေးနဲ့အတူ စွမ်းအင်ကဏ္ဍ၊ ဟိုဘက်မှာတော့ ကျွန်တော်တို့ ဒီ ဟိုဒင်းပေါ့၊ ဆီ (Oil) ဒီဟာနဲ့ ကျွန်တော်တို့က ပြောလေ့ရှိပါတယ်။ တစ်နည်းအားဖြင့်တော့ ကျွန်တော်တို့ စွမ်းအင်ပါပဲ။ ခုနတုန်းက ကျွန်တော်တို့ လျှပ်စစ်စွမ်းအင်ပဲဖြစ်ဖြစ်၊ အဲဒီ စွမ်းအင်

ကဏ္ဍတွေ၊ ဒီဟာတွေရဲ့ သူတို့ရဲ့ စျေးနှုန်းတွေနဲ့ပါ။ ဒီ ကျွန်တော်တို့ ကုန်စျေးနှုန်းတက်တဲ့ဟာ ငွေကြေး ဖောင်းပွမှုကို ကျွန်တော်တို့ လျော့ကျသွားအောင်လည်း လုပ်လို့မရ ပါဘူး။ အရင်တုန်းက ကျွန်တော်တို့က လျော့ကျအောင် ဆောင်ရွက်ဖို့ ကြိုးစားခဲ့တာတွေလည်း ရှိပါ တယ်။ အဲဒီတုန်းကဆိုရင် ကျွန်တော်တို့ မနက်၊ ကျွန်တော်လည်းပဲ လေ့လာသိရှိရသလောက် ကျွန်တော်နဲ့ သိတဲ့ ဟိုဟာတွေလည်း ရှိပါတယ်။ ကျွန်တော်တို့ အပြင်ကို စျေးကိုသွားတယ်။ ခြင်းတောင်းတစ်ခုနဲ့ သွားတယ်။ စျေးဝယ်တယ်။ ကုန်စျေးနှုန်း က ဘယ်လောက်ရှိသလဲ။ ကျွန်တော်တို့ ဒီဟာတွေ အမျိုးမျိုး ဆောင်ရွက်ခဲ့တာရှိပါတယ်။ သို့သော် ကျွန်တော်တို့က ခုနတုန်းက ကျွန်တော် ဆွေးနွေးခဲ့တဲ့ Consumer Price Index ဒီဟာတွေ ဒီဟာတွေ ကိုလည်း သေချာလေ့လာရမယ်။ သေချာ ဒီ Data တွေကိုလည်း သုံးသပ်ရမယ်။ သုံးသပ်ပြီးမှ ဒါ ဆောင်ရွက်ဖို့ လိုပါတယ်။

နောက်တစ်ချက် ကျွန်တော်တို့ ဒီကနေ့ ခုနတုန်းက ဒီ Inflation Rate က တဖြည်းဖြည်း ကျွန်တော်တို့ တက်လာပါတယ်။ တဖြည်းဖြည်းတက်လာပါတယ်။ ၂၀၁၄ မှာ ဆိုလို့ရှိရင်တော့ 7.5 Percent လောက် တက်မယ်ဆိုပြီးတော့ ကျွန်တော်တို့ ကမ္ဘာ့ဘဏ်တို့၊ IMF တို့ကနေ ခန့်မှန်းထားတယ်ဆိုပြီးတော့ ကျွန်တော်လေ့လာသိရှိရပါတယ်။ ဒီမှာ ၂၀၁၅ နဲ့ ဒီဘက်ပိုင်းကျရင် 7.75 လောက် ကျွန်တော်တို့ တက်လာပါမယ်။ အဲဒီတော့ ဒီ ကုန်စျေးနှုန်းရဲ့ တဖြည်းဖြည်းနဲ့ တက်လာတဲ့နှုန်း တစ်နည်းအားဖြင့် Inflation Rate တက်လာတဲ့နှုန်းဟာ သူတို့ ပညာရှင်တွေရဲ့ လေ့လာသုံးသပ်ချက်အရ ဆိုရင် ဟိုဘက်က Running Inflation ကို ရောက်ပါတော့မယ်။ Inflation မှာ အမျိုးမျိုးရှိပါတယ်။ ကျွန်တော်သည် စီးပွားရေးပညာအနေနဲ့ ဒီမှာ Seminr လုပ်တဲ့သဘောမျိုး မဖြစ်တဲ့အတွက်ကြောင့် ဒါ သက်ဆိုင်ရာ ပညာရှင်ကြီးများ သဘောပေါက်သိရှိပါတယ်။ Running Inflation ကို ရောက်တော့မှာပါ။ အဲဒီတော့ ဒီဟာကို ကျွန်တော်တို့က တားဆီးရမှာပါ။ အဲဒီလိုမှ မတားဆီးနိုင်ရင် ဟိုဘက်က Hyper Inflation ကို ကျွန်တော်တို့ ရောက်သွားပါမယ်။

ဒါကြောင့်မို့လို့ ဒီကနေ့ အချိန်အခါမှာ ဒီမူဝါဒဟာ သိပ်အရေးကြီးပါတယ်။ အဲဒီတော့ ဒီ မူဝါဒတွေ ချတဲ့အခါမှာ အကြမ်းဖျင်းအားဖြင့် ကျွန်တော်တို့ သိနေတဲ့ Monetary Policy ဟုတ်ပြီ၊ Monetary Policy ဆိုတာဘာလဲ။ အဲဒီအထဲမှာ ဘယ်လိုဟာတွေပါလဲ။ ဘယ်လို Instruments တွေ ကျွန်တော်တို့ပါလဲ။ ဒီဟာတွေလည်း ကျွန်တော်တို့က သိရှိဖို့ လိုပါတယ်။ ခုနတုန်းက ကျွန်တော်တင်ပြ ဆွေးနွေးခဲ့တဲ့ နိုင်ငံခြားငွေလဲမှုနှုန်း ဒီဟာလည်း ကျွန်တော်တို့ ပါ ပါတယ်။ နောက် နိုင်ငံတော်ရဲ့ အသုံးစရိတ် ဒီဟာတွေလည်း ကျွန်တော်တို့ လုပ်ပါတယ်။ ကျွန်တော် လွှတ်တော်ရဲ့ ဒုတိယအကြိမ်မှာနဲ့ တူပါတယ်။ ချေးငွေတွေနဲ့ပတ်သက်တဲ့ အတိုးနှုန်းတွေ ကျွန်တော်အဲဒီတုန်းက ဆွေးနွေးခဲ့ပါတယ်။ အဲဒီ အတိုးနှုန်းတွေလည်းပဲ ကျွန်တော်တို့ ထည့်ပြီးတော့ စဉ်းစားရမှာပါ။ Inteback Rate တွေ ဒီအပေါ်မှာ မူတည်ပြီးတော့ Business နဲ့ Trade တွေဟာ ခုနတုန်းက ရောင်း/ဝယ်ဖောက်ကားမှုတွေ၊ သက်ဆိုင်ရာ ကုန်စျေးနှုန်းတွေ၊ ဒါတွေဟာ အများကြီး မူတည်ပြီးတော့ ပြောင်းလဲပါတယ်။

တစ်နည်းအားဖြင့် နောက်တစ်ခု ဆိုလို့ရှိရင် Reserve Money ခုနတုန်းက Revenue တွေ ဘယ်လောက်ရှိမလဲ။ ဒီ Data တွေ အပြည့်အစုံနဲ့ ကျွန်တော်တို့ ပညာရှင်ကြီးများ၊ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တွေက Formula ကို ကျွန်တော်တို့ ထုတ်ပြီးတော့ တွက်ချက်ဆောင်ရွက်မှသာလျှင်၊ ဒီမူဝါဒတွေ ချမှတ်ပြီးတော့ ဆောင်ရွက်မှသာလျှင် အဆင်ပြေမယ်လို့ ကျွန်တော့်အနေနဲ့တော့ ဆွေးနွေး

တင်ပြလိုပါတယ်။ Theory တွေ မရှိဘူးလားဆိုတော့ သူတို့ ဒါ စီးပွားရေးမှာ ပညာရှင်တွေဆီမှာ Theory ရှိပါတယ်။ Quatity Theory နဲ့ Institutional Theory ဆိုတာ (၂)ခု ရှိပါတယ်။ ဒါ ကျွန်တော် အသေးစိတ် မပြောတော့ပါဘူး။ Circulation ဒီအထဲမှာ Money Circulation တွေ ပါ ပါတယ်။ စောစောတုန်းက ကျွန်တော်ပြောတဲ့ Monetary နဲ့ ဒီဘက်တွေမှာလည်း ပါ ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီ အဆိုကို တင်ရခြင်းသည် ကျွန်တော်တို့နိုင်ငံမှာ ရှိနေတဲ့ ပြည်သူ/ပြည်သားများ၊ အကုန်လုံး ကျေးလက်တောရွာအထိ ဒီလိုကုန်စျေးနှုန်းတွေ မြင့်မားတဲ့ဒဏ်ကို တဖြည်းဖြည်း တဖြည်းဖြည်းနဲ့ ခံစားရမယ်ဆိုရင် ကျွန်တော်တို့အတွက် ဒီ ရှေ့ကို တိုးတက်ပြီးတော့ ပြောင်းလဲနေတဲ့ စီးပွားရေးစနစ်တွေနဲ့ နိုင်ငံရေးစနစ်တွေနဲ့အတူ ဒီဟာတွေဟာ မကောင်းတဲ့အကျိုး ကျေးဇူးကို လာပြီးတော့ ခံစားရမယ် ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ဒီမူဝါဒတွေကို ခုနတုန်းက Data တွေအပေါ်မှာ အခြေပြုပြီးတော့ သေသေချာချာဆောင်ရွက်ပြီး မူဝါဒကို သက်ဆိုင်ရာ၊ ဒီ သက်ဆိုင်ရာတော့ ကျွန်တော် ခုနတုန်းက ဆွေးနွေးတင်ပြသလိုပဲ ဗဟိုဘဏ်ကနေပြီးတော့ ဆောင်ရွက် သင့်ကြောင်း အဆိုပြုရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

အချိန်၊ ၁၁း၃၇။

ဥက္ကဋ္ဌ။ ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

အချိန်၊ ၁၁း၃၇။

ဦးဆွေအောင်၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)က ဒေါက်တာမြင့်ကြည် က ငွေကြေး ဖောင်းပွမှုကို တည်ငြိမ်စေရန် မူဝါဒချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း အဆိုကို ကျွန်တော် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ကျွန်တော် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဆွေအောင် က ထောက်ခံပါတယ်ခင်ဗျား။

အချိန်၊ ၁၁း၃၈။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့ အဆိုကို လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ငွေကြေး ဖောင်းပွမှုကို တည်ငြိမ်စေရန် မူဝါဒချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွက် ဒေါက်တာမြင့်ကြည် ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

အချိန်၊ ၁၁း၄၀။

ဥက္ကဋ္ဌ။ ။ ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၁)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၂)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

အချိန်၊ ၁၁း၄၀။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၆ ရက်(တနလင်္ဂနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

အခမ်းအနားမှူး။ ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၁၁း၄၀ နာရီ အချိန်တွင် ရပ်နားပါသည်။]